# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၆)ရက် ၊ ကြာသပတေးနေ့ ၊ (8-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၅၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ ခေတ်မီနိုင်ငံတော်တည်ဆောက်ဖို့ ဦးဆောင်နိုင်သူ ရွေးကြစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၁၀/၂၀၂၆)
၁၃၈၇ ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

စာမျက်နှာ ၁၉ ကော်လံ ၁

## ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၂ /၂၀၂၆
၁၃၈၇ ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂)ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ၇-၈-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၄)ဖြင့် သတ်မှတ်ခဲ့ပါသည်။

စာမျက်နှာ ၁၈ ကော်လံ ၁

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲများ ပြုလုပ်၊ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး**


စာမျက်နှာ - ၁၇

## မုန်တိုင်းငယ် အားကောင်းသော မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် ဇန်နဝါရီ ၇

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၆၄၅ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၄၂၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၆၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

စာမျက်နှာ ၁၈ ကော်လံ ၁







ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၈ ရက်
အယ်ဒီတာ့အာဘော်

# ငြိမ်းချမ်းရေးတွင် အရေးကြီးသည့် လူငယ်ကဏ္ဍ

လူငယ်များသည် နိုင်ငံ့ရတနာများဖြစ်ပြီး အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် သူများပင်ဖြစ်သည်။ လူငယ်ဆိုသည်မှာ ဖျတ်လတ်သွက်လက်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများဖြစ်သည်။ လူငယ်များသည် လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်တစ်ခုဖြစ်သည့်အပြင် ငြိမ်းချမ်းရေးတွင်လည်း လူငယ်ကဏ္ဍသည် အရေးကြီးပေသည်။

ငြိမ်းချမ်းရေးတွင် လူငယ်ကဏ္ဍသည် အရေးကြီးသည်ကို လူငယ်ငြိမ်းချမ်းရေးဖိုရမ်(၂၀၂၆)ဖြင့် ပုံဖော်မည်ဖြစ်ပြီး အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိသည့် လူငယ်ကိုယ်စားလှယ်များပါဝင်မည်ဖြစ်သည်။ အဆိုပါဖိုရမ်မှ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လူငယ်တို့၏အမြင်များကို မျှဝေနိုင်ခြင်း၊ အပြန်အလှန်ယုံကြည်မှုများကို ခိုင်မြဲစေခြင်းနှင့် လူမှုသဟဇာတမြှင့်တင်ခြင်းတို့တွင် လူငယ်တို့၏အခန်းကဏ္ဍကိုရှာဖွေခြင်းစသည်တို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် လူငယ်များ၏အခန်းကဏ္ဍကို ဆက်နွှယ်ဆောင်ရွက်ခြင်းဖြစ်ပြီး ငြိမ်းချမ်းမှသာ လူငယ်များ၏အနာဂတ်ကောင်းမွန်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ပြုစုပျိုးထောင်ပေး၍ ငြိမ်းချမ်းသောပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်ကြရမည်ဖြစ်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်(၂၀၂၆)၌ ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းတည်ငြိမ်ရေးတွင် လူငယ်များ၏ဆောင်ရွက်ချက်များ အရေးကြီးသည်ကိုပေါ်လွင်စေရန်၊ အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ရပ်တွင် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သောကိစ္စရပ်များ၊ စိတ်သဘောထားများနှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာရန်နှင့် လူငယ်များအတွက် အခွင့်အလမ်းများဖန်တီးပေးရန် တွေ့ဆုံဆွေးနွေးခြင်း၊ ကြားဝင်ဖျန်ဖြေခြင်းနှင့် တာဝန်ယူမှုရှိသော ဆက်သွယ်ဆောင်ရွက်ခြင်းတို့တွင် လူငယ်များ၏ စွမ်းရည်များပိုမိုခိုင်မာလာစေရန်၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ လူမှုရေးဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ်ရေးဆွဲနိုင်ရေး အထောက်အပံ့ဖြစ်စေမည့် လူငယ်များ၏ အကြံပြုချက်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ်(၂၀၂၆)ကို ယခုနှစ် ဇန်နဝါရီ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖိုရမ်မှတစ်ဆင့် လူငယ်များ၏အသံကို ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်ရန်အတွက် ပဋိပက္ခကိုဖြစ်ပေါ်စေသည့်အချက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများ၊ လူငယ်များ၏ လုံခြုံရေးနှင့်အကာအကွယ်၊ ကျား၊ မ ကဏ္ဍအလိုက် မတူညီသော ထိလွယ်ရှလွယ်သည့် အခြေအနေ၊ အားနည်းချက်များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားများပူးပေါင်းပါဝင်နိုင်မှုအတွက် စိန်ခေါ်မှုများနှင့် ကျော်လွှားနိုင်မည့်နည်းလမ်းများ၊ စီးပွားရေးစိန်ခေါ်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းကိစ္စရပ်များ၊ ပညာဆက်လက်သင်ယူနိုင်ရေးနှင့် ပညာရေးအတွက် ကွာဟချက်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဉာဏ်ရည်တုနည်းပညာ(AI)၊ ဆိုက်ဘာ(Cyber)၊ လူမှုကွန်ရက်(Social Media)များတွင် လူငယ်များပါဝင်ဦးဆောင်နိုင်သောအခြေအနေနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့အတွက် လူငယ်များ၏သဘောထားဆန္ဒအသံများကို လေ့လာဖော်ထုတ်၍ဆက်လက်ဆောင်ရွက်မည့် လူငယ်လုပ်ငန်းစဉ်အစီအစဉ်များကို ရယူဖော်ထုတ်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် နေရာ၊ ဒေသ၊ လူမှုစီးပွားနောက်ခံအမျိုးမျိုးမှ လူငယ်များသည် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပူးပေါင်းပါဝင်ရန်လိုအပ်ပြီး နိုင်ငံ၏အနာဂတ်ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် အဓိကကျသည့်အခန်းကဏ္ဍမှပါဝင်သည့်အတွက် ယခုကျင်းပမည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှသည် ငြိမ်းချမ်းရေးနှင့်လူငယ်တို့အတွက် ရလဒ်ကောင်းများပေါ်ထွက်လာမည်ဟု ယုံကြည်ရေးသားလိုက်ရပေသည်။

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရေဦး ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၅၉၇၃ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၃၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဒီပဲယင်းမြို့နယ်အတွင်း ပဲကြီးဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုလက်ရှိအချိန်မှာတော့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေပံ့ပိုးပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲကြီး စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ်တွင် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



**မြန်အောင် ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းအေးက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ဒေသထွက်မုန်လာဥဖြူများ ထွက်ရှိပြီး အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ အဆိုပါ ဒေသတွင် ထွက်ရှိသည့် မုန်လာဥဖြူများ တစ်ရက်လျှင် ပိဿာချိန် ၂၅၀၀ မှ ၃၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိမြန်အောင်မြို့နယ်မှာ မုန်လာဥဖြူတွေ ထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ လက်ရှိဇန်နဝါရီလ ပထမပတ်လောက်ကတည်းက မုန်လာဥဖြူတွေ အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေအပါအဝင် ကုန်စိမ်းမျိုးစုံကို အခြားဒေသတွေက ဝယ်ယူအားကောင်းနေပါတယ်"ဟု မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းအေးက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများကို အရောင်းအဝယ် ပြုလုပ်နေရသည့်အတွက် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ မုန်လာဥဖြူ ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက လူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၇ သန်းဖြင့် မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

လူးကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၃၂ ဒသမ ၀၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၃၁ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သနပ်ပင်မြို့နယ် မင်းရွာကျေးရွာ၌ VRFPစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သနပ်ပင် ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းရွာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ (VRFP)စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်း နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ မင်းရွာကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လစဉ်ပြည့်သွင်းရမည့်ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါမင်းရွာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၃၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် သိန်း ၁၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၉၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၃၀ ထိ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်း ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

# စဉ့်ကိုင်မြို့နယ် ကသဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကသဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကသဲကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၈ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၇၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၇၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၇၉၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၇၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မတ်ပဲ ၂၇၉၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၂၇၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်တဲ့အခါမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးနေကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းယောင်းမြို့နယ် နမ့်ခ်နော်(အောက်)ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**မိုင်းယောင်း ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ခ်နော်(အောက်) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် နမ့်ခ်နော်(အောက်)ကျေးရွာတွင် ကျေးရွာမှရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ထိုင်းဘေးကျားစပါးတင်းရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ကျုံပျော်မြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိထိုင်းဘေးကျားစပါးက ပြည်တွင်းဆန်စပါးဈေးကွက်မှာကို အဝယ်လိုက်နေတာပါ"ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါးသည် အရည်အသွေးကောင်းမွန်သည့် စပါးဖြစ်ကြောင်း၊ အဆိုပါ ထိုင်းဘေးကျားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်သောကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သာချင်းနိဒါန်းနှင့် ဆရာကြီး ဦးအောင်ဖြိုး (၂)

**ဗိုလ်ရှိတ်(ရတနာပူရ)**

**အစောဆုံးသာချင်းရေးဖွဲ့သူ**

တွေ့ရှိရသမျှ စာဆိုတော်များတွင် သာချင်းကို အစောဆုံးရေးဖွဲ့ခဲ့သူမှာ ဆရာကြီးဦးအောင်ဖြိုးဖြစ်လေသည်။ မြန်မာစာပေသမိုင်းတစ်လျှောက် တွေ့ရသမျှသာချင်းများတွင် ဆရာကြီးဦးအောင်ဖြိုး၏ သာချင်းများသည် အစောဆုံးဖြစ်သည်။ သာချင်းရေးသူများတွင် ဆရာကြီးဦးအောင်ဖြိုးသည် အစောဆုံးဟုရေးသားလိုက်သဖြင့် ဆရာကြီးဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းလာ အဆိုအမိန့်နှင့် ကွဲလွဲနေသည်ဟု မြန်မာစာပေသမိုင်းစာအုပ်ကို ဖတ်ဖူးသူများက ထင်ပါလိမ့်မည်။ ထိုကိစ္စကို ရှင်းပြပါမည်။

ဆရာကြီး ဦးဖေမောင်တင်ပြုစုသော မြန်မာစာပေသမိုင်းတွင် တောင်ငူခေတ် မင်းဇေယျရန္တမိတ်အကြောင်းကို ရေးသားဖော်ပြရာ၌ မင်းဇေယျရန္တမိတ်ရေးသားသော စာစုစာရင်းတွင် သာချင်းများပါဝင်ကြောင်းနှင့် သာချင်းအစောဆုံးရေးဖွဲ့သူဖြစ်ကြောင်းကို အောက်ပါအတိုင်းဖော်ပြထား၏။

မင်းဇေယျရန္တမိတ်သည် သာချင်းဟူသော အဖွဲ့အနွဲ့ကို ရှေးဦးစွာထွင်သူဖြစ်သည်။ အင်းဝသို့ရောက်သည့်ကာလ သာချင်းသုံးပုဒ်ကိုဆိုသည်။ ဥတေနသာချင်း၊ ပဋ္ဌာစာရီသာချင်း၊ စိဥ္စမာဏမိန်းမသာချင်းတို့ဖြစ်ကြ၏။ ရှေးအဖြစ်အပျက်အကြောင်းခြင်းတရားများကို သာယာချေငံစွာ ဖွဲ့ဆိုထားသောကြောင့် သာချင်းဟုခေါ်သည်။ သာချင်းဟူသောအမည်သည် မင်းဇေယျရန္တမိတ်စတင်၍ မှည့်ခေါ်သောအမည်မျှသာဖြစ်သည်။ ရှေးခေတ်ရှေးအခါကလည်း သာချင်းနှင့်ဆင်တူသော အဖွဲ့အနွဲ့များရှိတန်ရာသည်။ သို့သော် တွေ့ရှိရသမျှသောသာချင်းများတွင် မင်းဇေယျရန္တမိတ်၏ သာချင်းများသာလျှင် ရှေးအကျဆုံးဖြစ်သည်ဟူ၍ဖြစ်သည်။

မြန်မာစာပေသမိုင်းစာအုပ်အရ သာချင်းများသည် တောင်ငူခေတ်တွင် စတင်ပေါ်ထွန်းခဲ့ပြီး အစောဆုံးသာချင်းစာဆိုမှာလည်း မင်းဇေယျရန္တမိတ်ဖြစ်သည်ဟုဆိုရပေမည်။

ဆရာကြီး ဦးအောင်ဖြိုးသည် ကုန်းဘောင်ခေတ် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ထင်ရှားသူဖြစ်သည်။ ထို့ကြောင့် သာချင်းရေးသူများတွင် တောင်ငူခေတ်က မင်းဇေယျရန္တမိတ်ရေးခဲ့သော သာချင်းများသာ အစောဆုံးဖြစ်သည်ဟု မြန်မာစာပေသမိုင်းစာအုပ်က ဆိုခြင်းဖြစ်သည်။ အမှန်က ထိုသို့မဟုတ်ပါ။ ယခုနောက်ပိုင်း တွေ့လာရသောအထောက်အသစ်များ၊ သုတေသနပြုမှုများအရ တောင်ငူခေတ် မင်းဇေယျရန္တမိတ်မှာ သာချင်းများကို ရေးသူမဟုတ်ကြောင်း ကွဲပြားစွာသိလာရပြီဖြစ်သည်။ မင်းဇေယျရန္တမိတ်မှာ နှစ်ဦးရှိသည်။ တောင်ငူခေတ် မင်းဇေယျရန္တမိတ်သည် လှော်ကားသုံးထောင်မှူး၏သားဖြစ်သည်။ မင်းရဲနရာချောင်းကို ရေးဖွဲ့ခဲ့သူဖြစ်သည်။

သာချင်းများကို ရေးဖွဲ့ခဲ့သည့် မင်းဇေယျရန္တမိတ်မှာ ကုန်းဘောင်ခေတ် ဘိုးတော်ဗဒုံမင်းလက်ထက်တွင်ထင်ရှားခဲ့သူ တောင်ခွင်မြို့စား ဇေယျရန္တမိတ်ဘွဲ့ခံ ဦးသာအောင်ဖြစ်သည်။ မြန်မာစာပေသမိုင်းစာအုပ်တွင် တောင်ငူခေတ်မင်းရဲနရာချောင်းကိုရေးသူ ဇေယျရန္တမိတ်နှင့် ကုန်းဘောင်ခေတ်သာချင်းဆရာ ဇေယျရန္တမိတ်တို့ကိုလွဲမှားကာ သာချင်းများကို တောင်ငူခေတ်တွင် စတင်ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ဟု ဆိုထားခြင်းဖြစ်သည်။ အမှန်က သာချင်းများသည် ကုန်းဘောင်ခေတ်မှ ပေါ်ထွန်းခဲ့ခြင်းဖြစ်ပေသည်။

မြန်မာစာညွှန့်ပေါင်းကျမ်း ပထမတွဲနှင့် မြန်မာစာပေသမိုင်းစာအုပ်တို့တွင် တောင်ငူခေတ် ဇေယျရန္တမိတ်နှင့် အမရပူရခေတ်က ဇေယျရန္တမိတ်တို့ကိုရောထွေးစွာ ဖော်ပြထားခြင်းကို ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်းတွင် နှစ်ဦးဖြစ်ကြောင်း ကွဲပြားစွာရှင်းလင်းထားပြီးဖြစ်သည်။ စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်းတွင် ဇေယျရန္တမိတ်နှစ်ဦးကို ကွဲပြားစွာ ရှင်းလင်းပြခဲ့သော်လည်း နောက်ထပ်အမည်တူတစ်ဦးနှင့် ထပ်မံမှားယွင်းပြန်သည်။

အမရပူရခေတ် သာချင်းစာဆို တောင်ခွင်မြို့စား ဇေယျရန္တမိတ်၏အမည်မှာ ဦးသာအောင်ဖြစ်သည်။ ရတနာပုံမန္တလေးခေတ်တွင်လည်း ဆကာရန္တနယ သတ်ပုံလင်္ကာကျမ်းပြု နေမျိုးစည်သူရာဇာဘွဲ့ခံ အမှာတော်ရေး ဦးသာအောင်ဟူ၍ရှိ၏။ ဗိုလ်မှူးဘသောင်း၏စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် သာချင်းစာဆို ဇေယျရန္တမိတ်ဘွဲ့ခံ ဦးသာအောင်နှင့် ရတနာပုံခေတ် ဆကာရန္တနယသတ်ပုံလင်္ကာကျမ်းပြု ဦးသာအောင်ကို ရောထွေးစွာဖော်ပြထားပြန်သည်။ ထို့ပြင် ရန္တမိတ်နှင့် နန္ဒမိတ်ဘွဲ့ကိုလွဲမှား၍လည်း ကပ်ပျို့၊ သုတရာသီပျို့၊ လောကချမ်းသာဘုရားဒါယကာ ချေင်းများကို ရေးဖွဲ့ခဲ့သူ ဇေယျနန္ဒမိတ်ကျော်သူနှင့် သာချင်းဆရာ ဇေယျရန္တမိတ်ကို တစ်ဦးတည်းဟုရောထွေးစွာ ဖော်ပြထားသည်။ ဗိုလ်မှူးဘသောင်းသည် တောင်ငူခေတ် ဇေယျရန္တမိတ်နှင့် အမရပူရခေတ် သာချင်းဆရာ ဇေယျရန္တမိတ်ကို ကွဲပြားအောင် သုတေသနပြုဖော်ထုတ်နိုင်ခဲ့သော်လည်း သာချင်းဆရာ ဇေယျရန္တမိတ်နှင့် အမှာတော်ရေး ဦးသာအောင်၊ ဇေယျနန္ဒမိတ်ကျော်သူတို့နှင့် ထပ်မံမှားယွင်းခဲ့သဖြင့် တစ်လိမ်၊ နှစ်လိမ်ပို၍ ရှုပ်သွားခဲ့ပေသည်။

ဤမှာသာချင်းစာဆိုများနှင့် ပတ်သက်၍ မှားယွင်းနေသော အမှတ်အသားများကို ဖော်ထုတ်တင်ပြခြင်းဖြစ်သည်။ ယခုသာချင်း၏အကြောင်းကို ဆက်၍ဖော်ပြရပေမည်။

**သာချင်းဟူသည်**

သာချင်းဟူသောစကား၏အဓိပ္ပာယ်ကို ကဝိဘာရတီကျမ်း၌ သာယာစွာသီဆိုရသော သီချင်းဖြစ်သောကြောင့် သာချင်းခေါ်သည်ဟု ဖွင့်ဆိုထားသည်။ မြန်မာစာပေသမိုင်းတွင် "ရှေးအဖြစ်အပျက်အကြောင်းခြင်းရာများကို သာယာချေငံစွာ ဖွဲ့ဆိုထားသောကြောင့် သာချင်းခေါ်သည်"ဟု ဖွင့်ဆိုထားသည်။

ဓမ္မာစရိယ ဦးထွန်းရွှေပြုစုသော ကဗျာစွယ်စုံကျမ်းကြီး၌ သာချင်း၏အဓိပ္ပာယ်ကို "သာချင်းဆိုသည်မှာ သာယာအပ်၊ နှစ်သက်အပ်သော အနှစ်သာရသဘာဝတ္ထုတို့ကို စပ်ဆိုသီကုံးသော ကဗျာသီချင်းတစ်မျိုးကို သာချင်းဟူ၍ ခေါ်ဆိုကြဟန် လက္ခဏာရှိသည်"ဟူ၍ဖွင့်ဆိုထားသည်။

ဝေါဟာရဝိပ္ပလ္လာသ လက္ခဏာဒီပကကျမ်းတွင်လည်း သာယာသောအခြင်းအရာဖြစ်၍ သာချင်းဖြစ်သည်ဟုဆိုထားသည်။ မြန်မာအဘိဓာန်တွင်မူ "သာယောင့်သာယာဖွဲ့ဆိုထားသော သီချင်းကဗျာ" ဟူ၍ဖွင့်ဆိုထားသည်။ အထက်ပါဖွင့်ဆိုချက်များကို ထောက်ခြင်းအားဖြင့် သာချင်းဟူသည် အသံသာသာယာယာဖြင့် သီဆို၍ရအောင် ရေးဖွဲ့သီကုံးထားသော ကဗျာတစ်မျိုးဟုဆိုရမည်ဖြစ်ပေသည်။

**သာချင်းရေးနည်း**

ရှေးခေတ်က မြန်မာကဗျာဖွဲ့နည်းအမျိုးမျိုးရှိရာတွင် သာချင်းကဗျာဖွဲ့နည်းသည်လည်း သူ့နည်းစနစ်နှင့်သူရှိလေသည်။ ကဝိဘာရတီကျမ်း၌ သာချင်းရေးနည်းကို အောက်ပါအတိုင်း သံပေါက်ဖြင့် သီကုံး၍ ပြဆိုထား၏။

"အချီကော်ဒွေး၊ အချရေး၊ သုံးလေးငါးတစ်ဆယ်၊
ခြသေ့်လည်ပြန်၊ နဘေဥာဏ်၊ စပ်ရန်သာချင်းဝယ်"

ဆိုလိုသည်မှာ အစချီရာတွင် တစ်ပိုဒ်၊ နှစ်ပိုဒ်ဖြင့် အစချီပြီး အဆုံးအချ၌ သုံးလုံး၊ လေးလုံး၊ ငါးလုံး၊ ဆယ်လုံး ပါဒထိချရသည်။ အလယ်၌ ခြသေ့်လည်ပြန်ဟုဆိုသော နဘေစပ်နည်းဖြင့်စပ်လျှင် သာချင်းပင်ဖြစ်သည်။ ထို့ကြောင့် သာချင်းရေးစပ်နည်းကို ရကန်စပ်နည်းနှင့် တူသည်ဟုဆိုကြ၏။

**ရာဇဝင်သာချင်း**

သာချင်းများတွင် ဆရာကြီး ဦးအောင်ဖြိုးရေးခဲ့သော ရာဇဝင်သာချင်းသည် ထင်ရှားသော သာချင်းတစ်စောင်ပင်ဖြစ်သည်။ ဆရာကြီးသည် ရာဇဝင်သာချင်းကို မဟာသမ္မတ၊ စူဠာသမ္မတမင်းတို့မှစ၍ ကုန်းဘောင်ခေတ် ဘိုးတော်ဗဒုံမင်းလက်ထက်ထိ ရေးဖွဲ့ထားသည်။

ဆရာကြီး ဦးအောင်ဖြိုးရေးဖွဲ့ခဲ့သော ရာဇဝင်သာချင်းသည် ရှားပါး၍တိမ်မြုပ်နေသော သာချင်းတစ်စောင်ပင်ဖြစ်သည်။ ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၏ မှတ်တမ်းအရ ရာဇဝင်သာချင်းကို မမြအင် ဆန်းစာပုံနှိပ်တိုက်၊ ၃၃ လမ်း၊ ကိုယ်ရံတော်တန်း၊ မန္တလေးမြို့မှ ဆရာမောင်မောင်က ပုံနှိပ်ထုတ်ဝေခဲ့ပြီး အဖိုးနှုန်း လေးပဲဖြင့် ရောင်းချဖူးခဲ့သည်ဟုသိရသည်။ ဆရာကြီးဦးအောင်ဖြိုး၏ ရာဇဝင်သာချင်းနှင့်အတူ စိန္တကျော်သူဦးဩ၏ မင်းဆက်လင်္ကာကြီးကိုလည်း ပူးတွဲပုံနှိပ်ထုတ်ဝေခဲ့သည်ဟု သိရလေသည်။ သို့သော် ထိုစာအုပ်မှာ ဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ) အညွှန်းပြခဲ့၍သာ ပုံနှိပ်ထုတ်ဝေကြောင်း သိရသည်။ ထိုစာမူကို ယနေ့အချိန်ထိမတွေ့ဖူးပါ။ ပုံနှိပ်ထုတ်ဝေခဲ့သည်မှာ ကြာပြီဖြစ်သောကြောင့် ရာဇဝင်သာချင်းစာအုပ်မှာ ပျောက်ကွယ်ရှားပါးနေပြီဖြစ်သည်။

ရာဇဝင်သာချင်းကို အပြည့်အစုံ လေ့လာခွင့်မရသော်လည်း မြန်မာစာညွှန့်ပေါင်းကျမ်း၊ ကဗျာဗန္ဓသာရကျမ်း၊ ပေါရာဏဒီပနီကျမ်း၊ ကဝိဘာရတီကျမ်းတို့တွင် ဖော်ပြထားသည့်စာပိုဒ်ကိုသာ လေ့လာခွင့်ရခဲ့သည်။ သို့သော် များများစားစား လေ့လာခွင့်ရသည်မဟုတ်။ နိဒါန်းပိုဒ်မျှလောက်သာ လေ့လာခွင့်ရခြင်းဖြစ်ပေသည်။

**လက်နှိပ်စက်မူ**

အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးထွန်းရီ(ရှေးဟောင်းသုတေသီ)နှင့် တွေ့ဆုံသိကျွမ်းခင်မင်ခဲ့ပြီးနောက်ပိုင်းတွင် ဆရာကြီးထံမှ ရှေးဟောင်းစာပေများကို လေ့လာခွင့်ရရှိခဲ့သည်။ ထိုအခါတွင် ၁၉၆၄ ခုနှစ်အတွင်းက ဆရာကြီးတည်းဖြတ်ထုတ်ဝေခဲ့သော ရာဇဝင်သာချင်းကို လေ့လာခွင့်ရခဲ့သည်။ ရှေးဟောင်းစာပေအမြုတေ စာတွဲ ၁၅ တွင် ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။ ပုံနှိပ်မှုဖြင့် ဖော်ပြထားသည်မဟုတ်။ လက်နှိပ်စက်မှုဖြင့် ဖော်ပြထားခြင်းသာဖြစ်သည်။ ပုံနှိပ်မှုကဲ့သို့ တွင်တွင်ကျယ်ကျယ်ဖြင့် အသိများမည်မဟုတ်ပေ။ ထို့ပြင် တံတားဦးမြို့ ရေသဖန်းကျောင်းတိုက်မှ ရာဇဝင်သာချင်းပေမူနှင့် ပုရပိုက်မူကို ထပ်မံတွေ့ရှိလေ့လာခဲ့ရသည်။

ရာဇဝင်သာချင်းကို ပြည့်ပြည့်စုံစုံလေ့လာခွင့်ရမှ ဆရာကြီးဦးအောင်ဖြိုး၏ စာပေစွမ်းရည်ကိုသိရပေသည်။ ဆရာကြီး ဦးအောင်ဖြိုး၏ ရာဇဝင်သာချင်းတွင် မြန်မာမင်းများလက်ထက်က ဖြစ်ပေါ်ခဲ့သော တဘောင်များကို ထည့်သွင်းဖွဲ့ဆိုထား၏။ ဆရာကြီး၏သာချင်းတွင်ထည့်သွင်းဖွဲ့ဆိုထားသော တဘောင်များသည် ထိုခေတ်ထိုအချိန်အခါက ပြည်သူလူထုကြား ထင်ရှားသောတဘောင်များဟုဆိုနိုင်သည်။ ရာဇဝင်သာချင်းတွင် တွေ့ရသော တဘောင်တို့ကို ကောက်နုတ်ဖော်ပြရလျှင် ဤသို့တွေ့ရပေမည်။

- ပန်ပါတဲ့ပန်ပါ။ ရွှေမင်းဝံတောင်ထိပ်က၊ လူပျိုတော်မောင်စံအိတ်ကယ်၊ ပန်းဆိတ်လို့လား။ မပန်သာသေး ဆိုရေးနှုတ်မြွက်၊ တပေါင်ထွက်နှင့် အချက်တော်တည့်။
- ကြက်သူငယ်စု၊ ဥကပေါက်စ၊ တွန်သံပြအံ့။ ကာလရှည်လွန့် မပြန့်ပွားဘူး။
- နိဗ္ဗာန်ဆို ဝေးသမို့လား၊ ထူပါရုံမှာ အနွေးသား။
- မန်ကျည်းပင်တောင်ကိုင်းမှာ၊ ဗျိုင်းနားတဲ့ ပြွတ်သိုက်၊ မောင်မလာ၊ သူငှားလို့လွှတ်လိုက်

ဟူ၍ဖြစ်ပေသည်။

ရာဇဝင်သာချင်းသည် မဟာသမ္မတ၊ စူဠာသမ္မတမင်းတို့မှစ၍ဗဒုံမင်းလက်ထက်ထိ ရေးဖွဲ့ထားသည်ဟုဆိုသော်လည်း ဘိုးတော်ဗဒုံမင်း အရင်နန်းစံခဲ့သည့် ဆင်ဖြူရှင်မြေဒူးမင်းသားတော် စဥ့်ကူးမင်းအကြောင်းကို ရေးဖွဲ့ဖော်ပြထားခြင်းမရှိပေ။ ထိုသို့စဥ့်ကူးမင်းအကြောင်းကို မဖော်ပြရခြင်းမှာ ဘိုးတော်ဗဒုံမင်းသည် စဥ့်ကူးမင်းကိုရေချသတ်၍ နန်းလုကာရှင်ဘုရင်ဖြစ်ခဲ့ခြင်းကြောင့်ဟုထင်ပါသည်။ မိမိအရှင်သခင်၏ မကောင်းကွက်ကို ချန်ထားခြင်းဖြစ်နိုင်သည်။ သာချင်းမှာလည်း ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ရေးသားခဲ့ခြင်းဖြစ်သောကြောင့် ဘိုးတော်ဗဒုံမင်း ငြိုငြင်မည်စိုးသဖြင့် ချန်ထားခဲ့ခြင်းလည်းဖြစ်နိုင်သည်။ ရှည်လျားလွန်းလှသော မြန်မာ့သမိုင်းကို သာချင်းပိုဒ်ရေအနည်းငယ်ဖြင့် ပြီးအောင်ဖွဲ့ဆိုနိုင်ခဲ့သည်မှာ ကျဉ်းသည်ကို ကျယ်အောင်၊ ကျယ်သည်ကို ကျဉ်းအောင် ချုံ၍ဖွဲ့ဆိုနိုင်သော ဦးအောင်ဖြိုး၏ ကဗျာဉာဏ်ရည်ဟု ဆိုနိုင်ပေသည်။

❖ မင်းဇေယျရန္တမိတ်သည် သာချင်းဟူသောအဖွဲ့အနွဲ့ကို ရှေးဦးစွာ ထွင်သူဖြစ်သည်။ အင်းဝသို့ရောက်သည့်ကာလ သာချင်းသုံးပုဒ်ကို ဆိုသည်။ ဥတေနသာချင်း၊ ပဋ္ဌာစာရီသာချင်း၊ စိဥ္စမာဏမိန်းမသာချင်း တို့ဖြစ်ကြ၏။ ရှေးအဖြစ်အပျက်အကြောင်းခြင်းတရားများကို သာယာချေငံစွာ ဖွဲ့ဆိုထားသောကြောင့် သာချင်းဟုခေါ်သည်။ သာချင်းဟူသောအမည်သည် မင်းဇေယျရန္တမိတ်စတင်၍ မှည့်ခေါ်သောအမည်မျှသာဖြစ်သည်။ ရှေးခေတ်ရှေးအခါကလည်း သာချင်းနှင့်ဆင်တူသောအဖွဲ့အနွဲ့များရှိတန်ရာသည်။ သို့သော် တွေ့ရှိရသမျှသော သာချင်းများတွင် မင်းဇေယျရန္တမိတ်၏ သာချင်းများသာလျှင် ရှေးအကျဆုံးဖြစ်သည်ဟူ၍ဖြစ်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကန့်ဘလူ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၅၂၆၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၇၉၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူမြို့နယ်အတွင်း မြေပဲ ၉၅၂၆၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၇၉၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်း ယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြ၍ သိရသည်။



ပန်းတနော်မြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတတိယပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းမွန်လာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ ကွမ်းရွက်တစ်ပိဿာကို ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူတာများနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေက ဒေသထွက်ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးပါတယ်။ ဒေသထွက်ကွမ်းရွက်တွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲ မရှိပါဘူး"ဟု ပန်းတနော်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို ဒေသဈေးကွက်အပြင် အခြားဒေသများသို့ပါ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းလာသဖြင့် ကွမ်းစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘိုးဘွားအမွေ

- သူတို့မရှိ လွန်ခဲ့ဘိလည်း
  အသိမြင့်မား ချန်ရစ်သွား။

- စဉ်လာဓမ္မ သင်္ခါရဟု
  ဘဝသံသာ လိုက်နှင့်ပါလည်း
  ပညာရပ်များ ယူမသွား။

- လှည်းဝင်ရိုးသံ တညံညံဟု
  ပုဂံမြေမှာ ထိန်ထိန်ဝါသည်
  သာသနာ့မွေ တဝေဝေ။

- တောက်ကြွားမပျက် ကျောက်သားထက်မှာ
  လင်းလက်ဂုဏ်ဒြပ် ကြည်ညိုဖွယ်ရ
  စာမြတ်အမွေ ဆပွားဝေ။


- စေတီကျောင်းကန် သန္ဓေမှန်သည့်
  နံရံအထက် မျက်နှာကြက်မှာ
  ရေးချက်ဆန်းကြယ် ရောင်စုံခြယ်လျက်
  ပန်းဆယ်မျိုးဟု မြန်မာမှုနှင့်
  အနုစံမွေ ပွင့်လန်းဝေ။

- အမြဲမဟောင်း သူရဲကောင်းတို့
  မြင့်မောင်းနီစွေး ဂုဏ်ပျံ့မွှေးအောင်
  သွေးနှင့်ထုဆစ် မော်ကွန်းလှစ်သည့်
  မျိုးချစ်အမွေ လင်းလက်ဝေ။

- အမျိုးပုဂံ ဆွေ့ပုဂံဟု
  ပုဂံတစ်ခေါက် ကြုံလာရောက်တိုင်း
  ဝမ်းမြောက်ခါခါ ပီတိဖြာလျက်
  သာခုချိုချို ကောင်းခြင်းဆိုမိ
  အိုဘယ့် ဘိုးဘွား နှောင်းလူများတွက်
  ချန်ထားတည်စေ နှစ်အမွေကား
  ရှုလေမဝ နုဝေလှမို့
  မှန်းဆကျေးဇူး အထူးထူးကို
  ရည်စူးလက်စုံ သွယ်ယှက်မိုးသည်
  စည်းခုံခြေရင်း ဦးဆံခင်း။
  စာဆို ဇော်ဂျီ တေးကိုညင်း။ ။

**ချစ်စုအောင်**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရ ပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက် အနားယူပါ။

# နိုင်ငံတကာ သတင်းများ

## ဂရင်းလန်းကျွန်းရယူရေးအတွက် နည်းလမ်းများကို အမေရိကန်သမ္မတနှင့် အကြံပေးများ ဆွေးနွေးနေ



**ဝါရှင်တန် ဇန်နဝါရီ ၇**

ဒိန်းမတ်နိုင်ငံ ဂရင်းလန်းကျွန်းအား အမေရိကန်နိုင်ငံ ရယူနိုင်ရေး နည်းလမ်းများကို သမ္မတဒေါ်နယ်ထရမ့်နှင့် အကြံပေးများ ဆွေးနွေးနေကြောင်း အိမ်ဖြူတော်က ဇန်နဝါရီ ၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂရင်းလန်းကျွန်းကို ရယူရေးအတွက် သမ္မတဒေါ်နယ်ထရမ့်နှင့် အကြံပေးများ ဆွေးနွေးနေသော နည်းလမ်းများထဲတွင် အမေရိကန်စစ်အင်အားကို အသုံးချနိုင်ခြေလည်းပါဝင်ကြောင်း အိမ်ဖြူတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အာတိတ်ဒေသ၌ အမေရိကန်နိုင်ငံ၏ ရန်သူများကို တားဆီးနိုင်ရေးအတွက် ဂရင်းလန်းကျွန်းကို အမေရိကန် အမျိုးသားလုံခြုံရေး ဦးစားပေး လိုအပ်ချက်အဖြစ် မှတ်ယူထားကြောင်း အိမ်ဖြူတော် တာဝန်ရှိသူများက ပြောကြားထားသည်။

ဂရင်းလန်းကျွန်းကို ရယူရန် ဆန္ဒရှိကြောင်း သမ္မတဒေါ်နယ်ထရမ့် အမေရိကန်သမ္မတရာထူး ပထမဆုံးအကြိမ် ရယူထားချိန် ၂၀၁၉ ခုနှစ်ကပင် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း သမ္မတဒေါ်နယ်ထရမ့်သည် ဂရင်းလန်းကျွန်းအား ရယူလိုသည့် ရည်ရွယ်ချက်ကို ထပ်လောင်း အတည်ပြုခဲ့ရာ ဒိန်းမတ်နိုင်ငံနှင့် ဥရောပမဟာမိတ်နိုင်ငံများက ကန့်ကွက်ခဲ့ကြသည်။

ဂရင်းလန်းကျွန်း ရယူရေးအတွက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့် စဉ်းစားနေသော နည်းလမ်းများအနက် ငွေကြေးဖြင့်ဝယ်ယူရေး နည်းလမ်းလည်း ပါဝင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဖူးခက်ကျွန်း ချာလောင်းဆိပ်ခံတံတား၌ အမြန်ရေယာဉ်အစီး ၂၀ မီးလောင်ပျက်စီး

**ဗန်ကောက် ဇန်နဝါရီ ၇**

ထိုင်းနိုင်ငံ ဖူးခက်အပန်းဖြေကျွန်း ချာလောင်းဆိပ်ခံတံတား၌ လောင်စာဆီဖြည့်ထားသော အမြန်ရေယာဉ်အစီး ၂၀ ယနေ့တွင် မီးလောင်ပျက်စီးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အဆိုပါမီးလောင်မှုသည် ဆိပ်ခံတံတား၌ရပ်ထားသည့် အမြန်ရေယာဉ်တစ်စီးပေါ်တွင် ဖြစ်ပွားခဲ့ပြီး လေတိုက်နှုန်းပြင်းထန်မှုကြောင့် အခြားအမြန်ရေယာဉ်များပါ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း ဖူးခက်ကျွန်း တာဝန်ရှိသူများက ပြောကြားထားသည်။

ဆိပ်ကမ်းတည်ရှိမှု အနေအထားနှင့် လေတိုက်နှုန်းပြင်းထန်မှုကြောင့် အမြန်ရေယာဉ်များ မီးလောင်မှုကို ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရသည်။

ချာလောင်း ဆိပ်ခံတံတား အမြန်ရေယာဉ်များ မီးလောင်မှုတွင် မည်သူတစ်ဦးတစ်ယောက်မျှ အထိအခိုက်မရှိခဲ့ကြောင်း ဖူးခက်ကျွန်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားခဲ့သည့် အမြန်ရေယာဉ်များမှ လောင်စာဆီများ ပင်လယ်ရေပြင်အတွင်း ယိုဖိတ်မှုထိန်းချုပ်ရန် တာဝန်ရှိသူများကို ဖူးခက်ပြည်နယ် အုပ်ချုပ်ရေးမှူး ပွန်ဆစ်သီသာဝန်က ညွှန်ကြားထားသည်။

လက်ရှိတွင် ချာလောင်း ဆိပ်ခံတံတား အမြန်ရေယာဉ်များ မီးလောင်မှု နောက်ခံအကြောင်းရင်းကိုတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဘယ်လာ- ၁ ရေနံတင်သင်္ဘောကိုစောင့်ရှောက်ရန် ရေငုပ်သင်္ဘောတစ်စီး ရုရှားနိုင်ငံစေလွှတ်ထားဟုဆို

**မော်စကို ဇန်နဝါရီ ၇**

ရုရှားရေတပ်သည် ဘယ်လာ-၁ ရေနံတင်သင်္ဘောကို စောင့်ရှောက်ရန်အတွက် ရေငုပ်သင်္ဘောတစ်စီးနှင့် အခြားရေတပ်သင်္ဘောများ စေလွှတ်ထားကြောင်း ရုရှားမီဒီယာများက ဇန်နဝါရီ ၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်လာ-၁ ရေနံတင်သင်္ဘောသည် ကာရေဘီယံရေပြင်အတွင်း အမေရိကန် ကမ်းခြေစောင့်တပ်က ဖမ်းဆီးရန် ကြိုးပမ်းနေသည့် ရေနံတင်သင်္ဘောဖြစ်သည်။



ဘယ်လာ-၁ ရေနံတင်သင်္ဘောကို တရားမဝင် ဗင်နီဇွဲလားရေနံများ သယ်ယူပို့ဆောင်မှုလုပ်ငန်း၌ ပါဝင်ပတ်သက်နေသော ရေနံတင်သင်္ဘောအဖြစ် အမေရိကန်တာဝန်ရှိသူများက ယူဆထားသည်။

ဘယ်လာ-၁ ရေနံတင်သင်္ဘောကိုစောင့်ရှောက်ရန်အတွက် ရုရှားအစိုးရက စေလွှတ်ထားမှုသည် ကာရေဘီယံဒေသ၌ ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ပင်လယ်ရေကြောင်း တင်းမာမှုမြင့်တက်လာနိုင်မည့်သဘောကို ပြသလျက်ရှိသည်။

ဘယ်လာ- ၁ ရေနံတင်သင်္ဘောကို ကာကွယ်ရန်အတွက် ရေငုပ်သင်္ဘောနှင့် ရေတပ်သင်္ဘောများ စေလွှတ်ထားမည်ဆိုသော သတင်းကို ရုရှားအစိုးရက အတည်ပြုထားခြင်းမရှိကြောင်း သိရသည်။

ဘယ်လာ- ၁ ရေနံတင်သင်္ဘောကို အမေရိကန် ကမ်းခြေစောင့်တပ်က ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ကာရေဘီယံရေပြင်အတွင်း ဖမ်းဆီးရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## တရုတ်နိုင်ငံ၏ အရပ်ဘက်နှင့်စစ်ဘက်နှစ်မျိုးသုံး ကုန်ပစ္စည်းများ တင်ပို့မှုပိတ်သိမ်းရေးအစီအစဉ်ရုပ်သိမ်းပေးရန် ဂျပန်တိုက်တွန်းထား

**တိုကျို ဇန်နဝါရီ ၇**

အရပ်ဘက် အတွက်သာမက စစ်ဘက်အရလည်း အသုံးချနိုင်သည့်ကုန်ပစ္စည်းများ ဂျပန်နိုင်ငံသို့ တင်ပို့မှုပိတ်ပင်ရေးအစီအစဉ်ကို ပြန်လည်ရုပ်သိမ်းပေးရန် ဂျပန်အစိုးရက တရုတ်နိုင်ငံကို တိုက်တွန်းထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အရပ်ဘက်နှင့် စစ်ဘက်နှစ်မျိုးလုံးသုံးစွဲနိုင်သည့် ကုန်ပစ္စည်းများ ဂျပန်နိုင်ငံသို့တင်ပို့မှုကို ပိတ်ပင်မည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၆ ရက်တွင် ကြေညာခဲ့ပြီးနောက် ဂျပန်အစိုးရက အဆိုပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချမည့် ကုန်ပစ္စည်းများအနက် နည်းပညာစက်မှုလုပ်ငန်းအတွက် အရေးကြီးသည့် မြေရှားသတ္တုများလည်း ပါဝင်နိုင်ကြောင်း သိရသည်။

တရုတ်(တိုင်ပေ) အရေးနှင့် ပတ်သက်၍ တရုတ်နှင့် ဂျပန်နှစ်နိုင်ငံဆက်ဆံရေး တင်းမာနေချိန်တွင် အရပ်ဘက်နှင့် စစ်ဘက်နှစ်မျိုးလုံးသုံးစွဲနိုင်သည့် ကုန်ပစ္စည်းများ ဂျပန်နိုင်ငံသို့ တင်ပို့မှုကို ထပ်မံတင်းကျပ်ရန် တရုတ်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်ကို နိုင်ငံတကာကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော အစီအစဉ်အဖြစ် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားထားပြီး အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းပေးရန် တရုတ်နိုင်ငံကို တိုက်တွန်းထားသည်။



ဂျပန်နိုင်ငံသို့တင်ပို့မှု ထပ်မံတင်းကျပ်မည့် ကုန်ပစ္စည်းများစာရင်းကို တရုတ်အစိုးရက ကြေညာထားခြင်း မရှိသော်လည်း ဂျပန် စက်မှုလုပ်ငန်းအတွက် အရေးကြီးသည့် မြေရှားသတ္တုများ ပါဝင်နေမည့်အရေးကို ဂျပန်နိုင်ငံက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဂျေအက်ဖ်- ၁၇ သန်းဒါး တိုက်လေယာဉ်များဝယ်ယူရေး ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ် လေတပ်အကြီးအကဲများ ဆွေးနွေး

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၇**

ပါကစ္စတန်ထုတ် ဂျေအက်ဖ်-၁၇ သန်းဒါးအမျိုးအစား တိုက်လေယာဉ်များ ဝယ်ယူရေးအတွက် ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ် လေတပ်အကြီးအကဲများ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ပါကစ္စတန်တပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန် လေတပ် အကြီးအကဲများ၏ ဆွေးနွေးပွဲကို အစ္စလာမ္မာဘတ်မြို့၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်တပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးစားလျက်ရှိပြီး တစ်ဖက်တွင်လည်း ပါကစ္စတန်ပြည်တွင်းထုတ် စစ်လက်နက်ပစ္စည်းများ ရောင်းချနိုင်ရန်လည်း မျှော်လင့်ထားသည်။


ဇန်နဝါရီ ၆ ရက် ဆွေးနွေးပွဲတွင် ပါကစ္စတန် လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇာဟီရာအာမက် ဘာဘာဆစ်ဒူးနှင့် ဘင်္ဂလားဒေ့ရှ် လေတပ်စစ်ဦးစီးချုပ် ဟာဆန်မာမွတ်တို့အနေဖြင့် ဂျေအက်ဖ်-၁၇ သန်းဒါး တိုက်လေယာဉ်အရောင်းအဝယ်ကိစ္စကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ဂျေအက်ဖ်- ၁၇ သန်းဒါး တိုက်လေယာဉ်များသည် တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့ ပူးပေါင်းတည်ဆောက်ထားသည့် ဘက်စုံသုံး တိုက်လေယာဉ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းက အင်္ဂါဂြိုဟ်ခရီးစဉ်စတင်ရေးအတွက် ကမ္ဘာဂြိုဟ်၏ဒြပ်ဆွဲအားအကူအညီရယူမည်



**ဝါရှင်တန် ဇန်နဝါရီ ၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် အင်္ဂါဂြိုဟ်ခရီးစဉ်စတင်ရေးအတွက် ၂၀၂၆ ခုနှစ် နိုဝင်ဘာလအတွင်း ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအားအကူအညီကို ရယူမည်ဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် ဒုံးအင်ဂျင်များဖွင့်၍ ကမ္ဘာဂြိုဟ်ဒြပ်ဆွဲအားအကူအညီရယူကာ အင်္ဂါဂြိုဟ်ခရီးစဉ်လမ်းကြောင်းပေါ်သို့ ဝင်ရောက်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ထိုအဆင့်ကို ကျော်ဖြတ်ပြီးပါက ESCAPADE မစ်ရှင်အာကာသယာဉ်နှစ်စင်းသည် ၂၀၂၇ ခုနှစ် စက်တင်ဘာလအတွင်း အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၃ ရက်က ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Glenn ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် ကမ္ဘာဂြိုဟ်နှင့် မိုင်တစ်သန်းခန့်အကွာ ပတ်လမ်းပေါ်၌ နေရာယူထားရဆဲဖြစ်သည်။

အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်ချိန်တွင် ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် အင်္ဂါဂြိုဟ်သံလိုက်စက်ကွင်း လွှာ၏သဘာဝကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကြယ်စုတိမ်တိုက်ကြီးအတွင်း ကြယ်များဖွဲ့စည်းဖြစ်ပေါ်နေသည့်နယ်မြေတစ်ခုကို နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ဓာတ်ပုံရိုက်ကူးခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၇**

ကြယ်စုတိမ်တိုက်ကြီး(အယ်လ်အမ်စီ)အတွင်း ကြယ်များဖွဲ့စည်းဖြစ်ပေါ်နေသည့် နယ်မြေတစ်ခုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်က ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း ဇန်နဝါရီ ၆ ရက်သတင်းများအရ သိရသည်။



အယ်လ်အမ်စီကြယ်စုသည် နဂါးငွေ့တန်းကြယ်စု၏ အရံကြယ်စုငယ်တစ်ခုဖြစ်ပြီး ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၆၀၀၀၀ အကွာတွင် တည်ရှိသည်။

အဆိုပါကြယ်စုငယ်အတွင်းရှိ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ တိမ်တိုက်နယ်မြေကို ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ တိမ်တိုက်နယ်မြေသည် အရွယ်အစားအားဖြင့် အချင်းအလင်းနှစ် ၁၅၀ ထိရှိပြီး ကြယ်များဖွဲ့စည်းဖြစ်ပေါ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကြယ်ငယ်များဖွဲ့စည်းဖြစ်ပေါ်နေမှုကြောင့် အထက်ပါဟိုက်ဒရိုဂျင်ဓာတ်ငွေ့တိမ်တိုက်နယ်မြေကို အနီရောင်ဓာတ်ငွေ့တိမ်တိုက်ကြီးတစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ နှစ်ပေါင်း ၃၀ ကြာနေရာယူ၍ စကြဝဠာကို လေ့လာနေသော အာကာသရေဒီယိုတယ်လီစကုပ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စပိန်နိုင်ငံက လွှတ်တင်ထားသော SpainSat NG II ဂြိုဟ်တုကို အာကာသဒြပ်ထည်အမှုန်အမွှားတစ်ခု ထိမှန်ထား

**မက်ဒရစ် ဇန်နဝါရီ ၇**

စပိန်နိုင်ငံက လွှတ်တင်ထားသော SpainSat NG II ဂြိုဟ်တုကို အာကာသဒြပ်ထည် အမှုန်အမွှားတစ်ခု ထိမှန်ထားကြောင်း ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။

SpainSat NG II ဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့်ကီလိုမီတာ ၅၀၀၀၀ အကွာတွင်ရှိသော ပတ်လမ်းပေါ်၌ အာကာသဒြပ်ထည်အမှုန်အမွှား ဝင်တိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း စပိန်အခြေစိုက် အင်ဒရာဂရုကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် အာကာသဒြပ်ထည်အမှုန်အမွှား ဝင်တိုက်မှုကြောင့် SpainSat NG II ဂြိုဟ်တု၌ ပေါ်ထွက်လာသည့် ထိခိုက်ပျက်စီးမှုအတိုင်းအဆကို အင်ဒရာဂရုကုမ္ပဏီ ကျွမ်းကျင်သူများက ဆန်းစစ်နေကြဆဲဖြစ်သည်။

အင်ဒရာဂရုကုမ္ပဏီသည် စပိန်အစိုးရ၏ ကျောထောက်နောက်ခံပေးမှုဖြင့် SpainSat NG II ဂြိုဟ်တုကို စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် ၎င်းနောက်ဆုံးနေရာယူမည့်ပတ်လမ်းပေါ်သို့ တက်ရောက်နေချိန်တွင် အာကာသဒြပ်ထည် အမှုန်အမွှား ဝင်တိုက်မှုဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း၊ အင်ဒရာဂရုကုမ္ပဏီသည် SpainSat NG I ဂြိုဟ်တုကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## နှာရည်ကျမှုပြဿနာအတွက် ကုထုံးသစ်များကို ဗြိတိန်နိုင်ငံပြည်သူများ မကြာမီသုံးစွဲနိုင်မည်ဖြစ်

**လန်ဒန် ဇန်နဝါရီ ၇**

နှာရည်ကျမှုပြဿနာအတွက် Biologics ခေါ် ကုထုံးသစ်များကို ဗြိတိန်နိုင်ငံပြည်သူများ မကြာမီ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားသည်။

Chronic Rhinosinusitis ခေါ် ထိပ်ကပ်နာရောဂါ ပုံစံတစ်မျိုး ခံစားရသူများသည် အဓိကရောဂါလက္ခဏာတစ်ရပ်အဖြစ် နှာရည်မပြတ်ယိုစီးမှုနှင့် ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

အထက်ပါပြဿနာကို တုံ့ပြန်ရေးအတွက် ဗြိတိန်ဆေးဘက်ဆိုင်ရာအာဏာပိုင်များက Depemo-kimab နှင့် Tezepelumab အမည်ရှိ ဆေးနှစ်မျိုးကို အသုံးပြုခွင့်ပေးထားကြောင်း သိရသည်။

အထက်ပါ ဆေးနှစ်မျိုးသည် Chronic Rhinosinusitis လူနာများ နှာရည်ကျမှုပြဿနာကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဆိုပါဆေးဝါးများကို သုံးစွဲပါက Chronic Rhinosinus-itis လူနာများအနေဖြင့် စတီးရွိုက်ဆေးများသုံးစွဲရမှုကို ရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

Depemokimab နှင့် Tezepe-lumab ဆေးများသည် ရောင်ရမ်းမှုကိုဖြစ်စေသည့် ခုခံအားစနစ်ကို ထိန်းချုပ်ပေးသော Biologics ကုထုံးဆေးဝါးများ ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## သွေးအတွင်းသကြားဓာတ်ပါဝင်မှုအဆင့်ကို ထိန်းထားနိုင်ပါက နှလုံးရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဇန်နဝါရီ ၇**

သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ကို ထိန်းချုပ်ထားနိုင်ပါက နှလုံးရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားသည်။

ဆီးချိုရောဂါမဖြစ်သေးသော်လည်း သွေးအတွင်းသကြားဓာတ်ပါဝင်နှုန်း ပုံမှန်ထက်မြင့်မားသူများအနေဖြင့် သကြားဓာတ်ပါဝင်မှုနှုန်းကို ပုံမှန်အခြေအနေတွင် ထိန်းထားနိုင်ပါက နှလုံးရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။


ဆီးချိုရောဂါမဖြစ်သေးသော်လည်း သွေးအတွင်းသကြားဓာတ်ပါဝင်မှု ပုံမှန်ထက်မြင့်မားခြင်းပြဿနာ(Prediabetes)မှာ အရွယ်ရောက် အမေရိကန်ပြည်သူ ၃၈ ရာခိုင်နှုန်း ရင်ဆိုင်နေရသည့် ပြဿနာဖြစ်သည်။

သို့ရာတွင် Prediabetes ပြဿနာရှိသူများအနေဖြင့် သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ကို ပုံမှန်တွင်ထိန်းထားနိုင်ပါက နှလုံးပြဿနာများကြောင့် အသက်ဆုံးပါးနိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ပုံစံ-၂ ဆီးချိုရောဂါသည် နှလုံးဖောက်နိုင်ခြေ၊ နှလုံးခုန်ရပ်တရက်ရပ်နိုင်ခြေတို့ မြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# စထရာဘော့အသင်းက လစ်လပ်နေသည့် နည်းပြရာထူးအတွက် ဝုဗ်အသင်း နည်းပြဟောင်း အိုနေးကို ခန့်အပ်

**ပဲရစ် ဇန်နဝါရီ ၇**

စထရာဘော့ အသင်းက လစ်လပ်နေသည့် နည်းပြရာထူး အတွက် ဝုဗ်အသင်းနည်းပြဟောင်း တစ်ဦးဖြစ်သည့် အိုနေးကို ခန့်အပ် ခဲ့ကြောင်း Fotmob သတင်းဝက်ဘ် ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စထရာဘော့အသင်း နည်းပြ ရို့စီနီယာသည် အသင်းကို ရလဒ် ကောင်းများရရှိအောင် စွမ်းဆောင် ခဲ့သောလည်း ပြီးခဲ့သည့် ရက်ပိုင်း က အကျိုးတူ ပူးပေါင်းထားသည့် ချဲလ်ဆီးအသင်းက နည်းပြသစ် အဖြစ်ခေါ်ယူခဲ့သဖြင့် နည်းပြနေရာ လစ်လပ်နေခြင်းဖြစ်သည်။

အသက် ၄၂ နှစ်ရှိ နည်းပြအိုနေး သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ဝုဗ်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ကလပ် အသင်းလက်မဲ့ဖြစ်နေပြီး ယခုအခါ စထရာဘော့အသင်း နည်းပြအဖြစ် နည်းပြလောကသို့ ပြန်လည် ဝင်ရောက်ခဲ့သူဖြစ်သည်။

စထရာဘော့အသင်း ပရိသတ် များက နည်းပြရို့စီနီယာကို ချဲလ်ဆီးအသင်းထံ ခေါ်ဆောင်ခဲ့ သည့် အသင်းပိုင်ရှင် တော့ဘိုလီကို ပြင်းပြင်းထန်ထန် ဝေဖန်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် နည်းပြ သစ်အဖြစ် အိုနေးကို အမြန်ဆုံး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြအိုနေးသည် စထရာ ဘော့အသင်းကို လာမည့် ပြင်သစ် ကိုပါဒယ်ရေးဖလား ပွဲစဉ်အဖြစ် ကစားမည့် စထရာဘော့အသင်းနှင့် အာရန်ချီအသင်းတို့ ပွဲစဉ်ကို စတင် တာဝန်ယူ ကိုင်တွယ်ရမည်ဖြစ် ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**



## အားကစားသတင်းအတိုအထွာများ

- ❑ လီဗာပူးအသင်းတိုက်စစ်မှူး အီကီတီကီ ဒဏ်ရာမှသက်သာ လာသဖြင့် လာမည့်အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် ပြန်လည် ပါဝင်မည်ဖြစ်ကြောင်း နည်းပြစလော့က အတည်ပြုပြောကြား ခဲ့သည်။
- ❑ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အာရုံစိုက်နေ သည့် နေမာက ဆန်းတို့စ်အသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ပြီး စာချုပ်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။
- ❑ တိုက်စစ်မှူးမက်ဆီက ကစားသမားဘဝမှ အနားယူပါက နည်းပြလောကသို့ ဝင်ရောက်မည့်အစား ကလပ်အသင်းပိုင်ရှင် အဖြစ်ရပ်တည်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ ဘရာဇီးကလပ် ပါးမီးယက်စ်အသင်းက မန်ယူအသင်း ကွင်းလယ်ကစားသမား ကက်စမဲရိုးကို ခေါ်ယူရန် စိတ်ဝင်စား နေကြောင်း သိရသည်။

**ML**

# TGL Tournament ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Atlanta Drive GC အသင်းက ခုနစ်ပွဲဆက်တိုက်အနိုင်ရရှိ

**ဖလော်ရီဒါ ဇန်နဝါရီ ၇**

အမေရိကန်နိုင်ငံတွင် ကျင်းပ နေသည့် TGL Tournament ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Atlanta Drive GC အသင်းက The Bay Golf Club အသင်းကို (၇-၄) ရလဒ်ဖြင့် အနိုင်ရပြီးနောက် ခုနစ်ပွဲ ဆက်တိုက်အနိုင်ရသည့် မှတ်တမ်း ကောင်းတစ်ရပ်ကို ရရှိခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။




Atlanta Drive GC အသင်းတွင် အမေရိကန် ဂေါက်သီးရိုက်ကစား သမားများဖြစ်ကြသည့် ဂျက်စတင် သောမတ်စ်၊ ဟော့စချယ်၊ ကန်တ လေ၊ ဂလိုဗာတို့ ပါဝင်ခဲ့ကြပြီး The Bay Golf Club အသင်းတွင် အမေရိကန် ဂေါက်သီးရိုက်ကစား သမား ကလက်ခ်၊ ဆွီဒင်ဂေါက်သီး ရိုက်ကစားသမားလက်ဗ်အဘာက်၊ ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမားလီမင်ဝူ၊ အိုင်ယာလန် ဂေါက်သီးရိုက် ကစားသမား ရှိန်းလောရီတို့ ပါဝင်ခဲ့ကြသည်။

Atlanta Drive GC အသင်း အတွက် အကောင်းဆုံးစွမ်းဆောင် ထားသည့် ဟော့စချယ်က “နည်း ပညာအကူအညီယူပြီး ယှဉ်ပြိုင် ကစား ရတဲ့ ဒီပြိုင်ပွဲနဲ့ပတ်သက်ပြီး ကျွန်တော့်အတွက်တော့ ပိုပြီး စိတ်ဝင်စားစရာ ကောင်းလာပါ တယ်။ တစ်ပွဲထက်တစ်ပွဲ ပိုကောင်း အောင် ကစားနိုင်လာခဲ့လို့လဲ ဝမ်းသာပါတယ်။ ကျွန်တော်တို့ အသင်းသားတွေအားလုံး ရလဒ် ကောင်းရအောင် ကစားနိုင်ခဲ့ကြပါ တယ်။ ဒီနှစ် TGL Tournament မှာတော့ ကျွန်တော်တို့အသင်းက ခုနစ်ပွဲဆက်တိုက် အနိုင်ရထားပါ တယ်။ ဒီပုံစံကောင်းကို ဆက်လက် ထိန်းသိမ်းနိုင်မယ် ဆိုရင်တော့ အောင်မြင်မှုတွေ ဆွတ်ခူးနိုင်လိမ့် မယ်လို့ ယုံကြည်ပါတယ်”ဟု ပြော ကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Monthly**

**Trs : AZL**

# ယခုအပြောင်းအရွှေ့ကာလအတွင်း ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၅၀ သုံးစွဲမည်ဟု ချဲလ်ဆီးအသင်းထုတ်ပြန်

**လန်ဒန် ဇန်နဝါရီ ၇**

ချဲလ်ဆီးအသင်းသည် နည်းပြ သစ် ရို့စီနီယာကို ခန့်အပ်ပြီးနောက် အသင်း လူစာရင်းထပ်မံဖြည့်တင်း ရန် ယခုအပြောင်းအရွှေ့ကာလ အတွင်း ပြောင်းရွှေ့ကြေး အသုံး စရိတ် ယူရိုသန်း ၁၅၀ ထိ အသုံးပြု မည်ဟု ထုတ်ပြန်ခဲ့ကြောင်း SI သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ချဲလ်ဆီးအသင်း သည် တိုက်စစ်ကစားအားကျဆင်း နေသဖြင့် ဘာစီလိုနာအသင်းမှ တိုက်စစ်ကစားသမား ဖာမင်လို ပက်ဇ်နှင့် အေစီမီလန်အသင်းမှ တိုက်စစ်ကစားသမား လီအိုတို့ နှစ်ဦးကို ပြောင်းရွှေ့ကြေး ယူရို သန်း ၁၅၀ ဖြင့်ခေါ်ယူရန် ဆုံးဖြတ် ခဲ့ခြင်းဖြစ်သည်။

ဖာမင်လိုပက်ဇ်သည် ဘာစီလို နာအသင်းအကယ်ဒမီထွက် ကစား သမားဖြစ်ပြီး အသင်းကြီးနှင့် ပူးပေါင်းချိန်မှစ၍ ခြေစွမ်းပြသခဲ့ ပြိုင်ပွဲစုံ ၁၉ ပွဲ၌ သွင်းဂိုး ခုနစ်ဂိုး နှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ် ထားပြီး ခြေစွမ်းပိုင်းတိုးတက်လာ သောကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် ကာလရှည် စောင့်ကြည့် ခဲ့ကြောင်း သိရသည်။

ထို့ပြင် အေစီမီလန်အသင်းက လီအိုသည်အသင်းတွင် ပွဲကစား ချိန်လျော့နည်းခဲ့သော်လည်း ပါဝင် ခွင့်ရသည့် ၁၃ ပွဲတွင် သွင်းဂိုး ခုနစ် ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ် ခဲ့သဖြင့် ချဲလ်ဆီးအသင်းက ခေါ်ယူ ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ဒီဇင်ဘာ လအတွင်းကစားခဲ့သည့် အမှတ်ပေး ပြိုင်ပွဲများတွင် ရမှတ်များဆုံးရှုံးခဲ့ သဖြင့် နည်းပြအပြောင်းအလဲ ပြုလုပ်ခဲ့ပြီး နည်းပြသစ်က ယခု အပြောင်းအရွှေ့ ကာလအတွင်း အသင်းလူစာရင်း ဖြည့်တင်းရန် ယူရို သန်း ၁၅၀ ထိ သုံးစွဲမည်ဖြစ် ကြောင်း သိရသည်။

**Ref : SI**

**Trs : ML**

# Brisbane International တင်းနစ်ပြိုင်ပွဲတွင် မျက်ဒဗျက်က တီယာဖိုးကို အနိုင်ရ

**ဘရစ္စဘိန်း ဇန်နဝါရီ ၇**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်း မြို့တွင် ကျင်းပနေသည့် Brisbane International တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒ ဗျက်နှင့် အမေရိကန်တင်းနစ် ကစားသမားတီယာဖိုးတို့ ယှဉ်ပြိုင် ကစားခဲ့ရာ မျက်ဒဗျက်က (၆-၃၊ ၆-၂)ရလဒ်ဖြင့်အနိုင်ရပြီး ကွာတား ဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ ကြောင်းTennis 365 သတင်းဌာန က ယနေ့တွင် ဖော်ပြခဲ့သည်။



မျက်ဒဗျက်သည် ၂၀၂၅ ခုနှစ် အတွင်း ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး အောင်မြင်မှုများဖြင့် ဝေးကွာခဲ့ရ သကဲ့သို့ ကမ္ဘာ့အဆင့်(၁၀)အောက် ကိုလည်း ကျဆင်းခဲ့သည်။

နည်းပြဖြစ်သူနှင့် လမ်းခွဲပြီး နောက် နည်းပြသစ်ဖြင့်လက်တွဲပြီး ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ကာ ပုံစံကောင်းများ ပြန်လည်ရခဲ့သည်။

ပုံစံကောင်းရနေသည့် တီယာဖိုး ကို အကောင်းဆုံးစွမ်းဆောင်ရည် များဖြင့် ပြတ်သားစွာ အနိုင်ကစား ခဲ့ခြင်းဖြစ်သည်။

မျက်ဒဗျက်က “ကစားရတဲ့ ကွင်းက တုံ့ပြန်မှုမြန်ဆန်တဲ့ ကွင်းအမျိုးအစား ဖြစ်တဲ့အတွက် ကစားရတာ ပင်ပန်းပါတယ်။ အထူးသဖြင့် စပေးဘောတွေကို ပိုပြီးတော့ သတိပြုရတယ်။ စပေး ဘောကောင်းရင် အသာစီးရနိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက်ကြောင့် လဲ ကျွန်တော့်အနေနဲ့ စပေးဘော ကို ပိုပြီးတော့ အာရုံစိုက်ခဲ့ပါတယ်။ ပထမပွဲငယ်မှာ အမှားအနည်းငယ် ရှိခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒုတိယ ပွဲငယ်မှာတော့ အမှားကင်းပြီး စွမ်းဆောင်ရည်ပိုင်းက ပိုကောင်းခဲ့ တယ်။ ပြီးခဲ့တဲ့နှစ်တုန်းက အခုလို စွမ်းဆောင်ရည်မျိုးနဲ့ မကစားနိုင်ခဲ့ ပါဘူး။ ဒါ့ကြောင့် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီကို စောပြီးအဆုံး သတ်ခဲ့တယ်။ ရာသီသစ်အတွက် ပြင်ဆင်လေ့ကျင့်မှုအပိုင်းကို အချိန် ပိုပေးခဲ့ပါတယ်”ဟု ပြောကြားခဲ့ ကြောင်း သိရသည်။

**Ref : Tennis World**

**Trs : AZL**

# ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေစီရင်စုတွင် မေယွန်မီးတောင်ပေါက်ကွဲမှုအန္တရာယ် သတိပေးချက်ထုတ်ပြန်



**မနီလာ ဇန်နဝါရီ ၇**

ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘေစီရင်စုတွင် တည်ရှိသည့် မေယွန်မီးတောင်ပေါက်ကွဲမှု ဖြစ်ပေါ်နေသည့်အတွက် ဖိလစ်ပိုင်မီးတောင်ဆိုင်ရာနှင့် မြေငလျင်ဆိုင်ရာ အင်စတီကျု Phivolcs က မီးတောင် ပေါက်ကွဲမှုအန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မီးတောင်ပေါက်ကွဲမှု လယ်ဗယ်မှာ အဆင့် ၅ အဖြစ်သတ်မှတ်လိုက်ကြောင်း၊ ဒေသခံပြည်သူများကိုလည်း မေယွန်မီးတောင်အနီး ခြောက်ကီလိုမီတာအတွင်း ဖြတ်သန်းသွားလာခြင်းမပြုရန် တားမြစ်ထားကြောင်း Phivolcs က ထုတ်ပြန်သွားခဲ့သည်။

"မေယွန်မီးတောင်အောက်ခြေမှာ မြေငလျင်လှုပ်ခတ်မှုတွေ ဖြစ်ပေါ်ခဲ့တဲ့အတွက် ဇန်နဝါရီ ၆ ရက်မှာ မီးတောင်ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုအန္တရာယ်အဆင့်ကို လယ်ဗယ်အဆင့် ၅ အဖြစ် သတ်မှတ်လိုက်ပါတယ်။ မီးတောင်အနီးပတ်လည် ခြောက်ကီလိုမီတာအတွင်း ဖြတ်သန်းသွားလာခြင်း မပြုဖို့လဲ တားမြစ်ချက် ထုတ်ပြန်ထားပါတယ်"ဟု ဖိလစ်ပိုင်မီးတောင်ဆိုင်ရာနှင့် မြေငလျင်ဆိုင်ရာ အင်စတီကျု Phivolcs မှ တာဝန်ရှိသူ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် မီးတောင်စုစုပေါင်း ၂၂ လုံးထိရှိပြီး မေယွန်မီးတောင်သည် သက်ဝင်လှုပ်ရှားမှုနှုန်း အမြင့်မားဆုံးသောမီးတောင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းရှိ မြောက်ဆူလာဝေစီပြည်နယ်တွင် ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများကြောင့် သေဆုံးသူ ၁၆ ဦးထိရှိလာ

**ဂျကာတာ ဇန်နဝါရီ ၇**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းရှိ မြောက်ဆူလာဝေစီပြည်နယ်တွင် ဇန်နဝါရီ ၅ ရက်မှစ၍ ယနေ့ထိ ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၁၆ ဦးထိရှိလာကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီ(BNPB)က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။



ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများသည် ယနေ့ထိဆက်လက်ဖြစ်ပွားနေပြီး အဆိုပါသဘာဝဘေးများကြောင့် အိမ်ခြေ အနည်းဆုံး ၁၄၈ လုံးပျက်စီးခဲ့ပြီး လူ ၂၂ ဦး ဒဏ်ရာရရှိခဲ့ကာ အနီးနားရှိ ကျန်းမာရေးဌာနများသို့ ကုသမှုခံယူရန် ပို့ဆောင်ခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီ(BNPB)၏ သတင်းအချက်အလက်ဌာန အကြီးအကဲ Abdul Muhari က ပြောကြားခဲ့ကြောင်း သိရသည်။

မြောက်ဆူလာဝေစီပြည်နယ်တွင် ဒေသအာဏာပိုင်များသည် ဇန်နဝါရီ ၅ ရက်မှ ၁၈ ရက်ထိ ၁၄ ရက်ကြာ အရေးပေါ်တုံ့ပြန်မှုကာလအဖြစ်ကြေညာခဲ့ပြီး ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နေချိန်တွင် ဒေသခံများကို သတိရှိရှိနေထိုင်ကြရန် တိုက်တွန်းထားကြောင်း၊ လက်ရှိတွင် အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းများကို သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီများ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များ၊ စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်းများက ပူးတွဲဆောင်ရွက်နေသည်ဟု ဖြည့်စွက် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဂျပန်နိုင်ငံ ချူဂိုကူနယ်မြေတွင် မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်များ၊ အဆောက်အအုံများပျက်စီးခဲ့

**တိုကျို ဇန်နဝါရီ ၇**

ဂျပန်နိုင်ငံ ချူဂိုကူနယ်မြေတွင် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ခဲ့ပြီး မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်များ၊ အခြေခံအဆောက်အအုံများပျက်စီးခဲ့ကြောင်း Japan Meteorological Agency က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မြေငလျင်လှုပ်ခတ်မှုပြင်းအားများခဲ့သော်လည်း မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိကြောင်း၊ မြေငလျင်သည် ချူဂိုကူနယ်မြေ ရှီမာနီစီရင်စုအလယ်ပိုင်းမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်မီးပြတ်တောက်မှုတချို့ရှိခဲ့ကြောင်း Japan Meteorological Agency က ထုတ်ပြန်သွားခဲ့သည်။

"ဇန်နဝါရီ ၆ ရက်မှာ ချူဂိုကူနယ်မြေ ရှီမာနီစီရင်စုကိုဗဟိုပြုပြီးတော့ ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှုကြောင့် လမ်းတချို့ပျက်စီးခဲ့သလို လူနေအိမ်တွေ၊ အခြေခံအဆောက်အအုံတွေ ပျက်စီးခဲ့ပါတယ်။ မြေငလျင်ပြင်းအား များခဲ့ပေမဲ့ နောက်ဆက်တွဲ ပြဿနာဖြစ်တဲ့ ဆူနာမီလှိုင်းဖြစ်ပေါ်လာနိုင်ဖွယ် မရှိပါဘူး"ဟု Japan Meteorological Agency မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုဖြစ်ပေါ်တိုင်း နျူကလီးယားဓာတ်ပေါင်းဖိုများ အန္တရာယ်ရှိနိုင်သည့်အတွက် မြေငလျင်လှုပ်ခတ်မှုအပြီး Nuclear Regulation Authority(NRA) မှ နျူကလီးယားဓာတ်ပေါင်းဖိုများကို သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး တစ်စုံတစ်ရာထိခိုက်ပျက်စီးမှု မရှိခဲ့သည့်အတွက် နျူကလီးယား ဓာတ်ပေါင်းဖိုများကို ပုံမှန်အတိုင်းဆက်လက်လည်ပတ်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဆီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် နှင်းမုန်တိုင်းကြောင့် ယာယီကယ်ဆယ်ရေးစခန်းတွင် ခိုလှုံနေသူ ၁၅၀၀၀ ကျော်၏ ခိုလှုံရာနေရာများပျက်စီးခဲ့ရ

**ဒမတ်စကတ် ဇန်နဝါရီ ၇**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် နှင်းမုန်တိုင်းကြောင့် ယာယီကယ်ဆယ်ရေးစခန်းတွင် ခိုလှုံနေသူ ၁၅၀၀၀ ကျော်၏ ခိုလှုံရာနေရာများ ပျက်စီးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ နှင်းမုန်တိုင်းကြောင့် ယာယီနေရပ်စွန့်ခွာသူ ဦးရေ ၉၀ ထိ ခိုက်ဒဏ်ရာရခဲ့ပြီး လူပေါင်း ၁၅၀၀၀ ကျော်၏ ခိုလှုံရာနေရာများပျက်စီးခဲ့ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့ဝင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) ၏ထုတ်ပြန်ချက်အရ အလက်ပို၊ အစ်ဒလစ်ဘ်နှင့် အယ်လ်-ဟာဆာကာပြည်နယ်များသည် နှင်းမုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရသည့် နေရာများဖြစ်ကြောင်း၊ နှင်းမုန်တိုင်း၏ အလွန်အမင်းအေးခဲမှုဒဏ်ကြောင့် ကလေးငယ်နှစ်ဦး သေဆုံးခဲ့ရသည့်အပြင် လူထောင်ပေါင်းများစွာသည် ကိုယ်အပူချိန်ကျဆင်းမှုနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ရင်ဆိုင်နေကြရကြောင်း OCHA က ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့ဝင်များက နှင်းမုန်တိုင်းဒဏ်ခံခဲ့ရသည့် ယာယီကယ်ဆယ်ရေးစခန်းများသို့ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးနှင့် အအေးဒဏ်လျှော့ချနိုင်စေရန် မီးဖိုများနှင့် လောင်စာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကွင်းစလန်းပြည်နယ် ရေဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ဩစတြေးလျဝန်ကြီးချုပ်က အမေရိကန်ဒေါ်လာ ၃၈ သန်း ပံ့ပိုးမည်

**ကင်ဘာရာ ဇန်နဝါရီ ၇**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် အနောက်ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်းတို့တွင် ပြီးခဲ့သည့် ရက်သတ္တပတ်မှစတင်၍ ရေကြီးရေလျှံမှုကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သဖြင့် ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီက ဇန်နဝါရီ ၆ ရက်တွင် ရေဘေးဒဏ်သင့် ဒေသများသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၃၈ သန်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာ ၃၈ သန်းကို ကူညီပံ့ပိုးပေးရာတွင် လည်း ကဏ္ဍအလိုက် ခွဲဝေပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အန်တိုနီက ပြောကြားခဲ့သည်။

"ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ဒေသတွေကို သွားရောက်ကြည့်ရှုစစ်ဆေးမှု ပြုလုပ်ခဲ့ပါတယ်။ ပျက်စီးဆုံးရှုံးမှုနှုန်းက မြင့်မားခဲ့ပါတယ်။ ပျက်စီးဆုံးရှုံးမှုတွေကိုလည်း ကဏ္ဍအလိုက် ခွဲဝေ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ကလွန်ကာရီလေဆိပ်မှာလည်း ပျက်စီးဆုံးရှုံးမှုနှုန်းမြင့်မားခဲ့ပါတယ်။ လေဆိပ်ပြန်လည်ပြုပြင်သွားဖို့အတွက် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ သန်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေအတွက် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅ သန်းနဲ့ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူတွေအတွက် အစားအသောက်ကူညီပံ့ပိုးပေးဖို့အတွက် အမေရိကန်ဒေါ်လာ ၅ သန်း ခွဲဝေပံ့ပိုးပေးသွားမှာလဲ ဖြစ်ပါတယ်"ဟု ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လင်းလက်

# အသိပညာ၊ အတတ်ပညာတတ်သူ ဖြစ်လိုပါလျှင်

**ပညာသည်သာ အရာရာ**

"အမှား အမှန်၊ အကောင်း အဆိုး၊ အကြောင်း အကျိုး"တို့ကို အခြေအနေနှင့် အချိန်အခါအလိုက် ဝေဖန်ပိုင်းခြားဆောင်ရွက်နိုင်ခြင်းသည် ပညာပင်ဖြစ်သည်။ ထိုပညာသည် အသိပညာဖြစ်ပြီး ထိုအသိပညာကိုအခြေခံ၍ လူသားတို့၏လိုအင်ဆန္ဒဟူသမျှကို ဖြည့်ဆည်းနိုင်ရေး ကြိုးစားဆောင်ရွက်ရာတွင် အသက်မွေးဝမ်းကျောင်းအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရသည့်အလုပ်ကိုမူ အတတ်ပညာဟုဆိုနိုင်သည်။ ပညာဟုဆိုပါလျှင် ဘဝခရီးလျှောက်လှမ်းရန်အတွက် သင်ယူတတ်မြောက်ထားသော အတတ်ပညာနှင့် ကိုယ်တိုင် စဉ်းစားဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းဆိုသည့် အသိပညာဟူ၍ နှစ်ပိုင်းခွဲခြားနိုင်သည်။ စာရေး၊ စာဖတ်ကအစပြု၍ ပေါင်း၊ နှုတ်၊ မြှောက်၊ စား ဆိုသည့် တွက်ချက်မှုပညာတို့ကို သင်ကြားရသည့် အတန်းပညာဆိုသည်ကလည်း ရှိနေပြန်သည်။ သို့ဖြစ်ရာ ပညာဟုဆိုပါလျှင် အသိပညာ၊ အတတ်ပညာနှင့် အတန်းပညာဟုဆိုပါမှ ပိုမိုပြည့်စုံနိုင်မည်ဖြစ်သည်။

အတန်းပညာနှင့်အတတ်ပညာ မည်မျှပင်ပြည့်စုံစေကာမူ အသိပညာအားနည်းနေမည် ဆိုပါကလည်း ဘဝခရီးလမ်း တိမ်းစောင်းနေဦးမည်သာဖြစ်သဖြင့် အသိဉာဏ်ပညာက အရေးကြီးဆုံးဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က အသိပညာနှင့် ကိုယ်ကျင့်တရားသည် ကမ္ဘာလောကကြီးကို စောင့်ရှောက်သောတရားနှစ်ပါးဟု ဟောကြားခဲ့ခြင်းဖြစ်သည်။ လူတိုင်းက ပညာဟုဆိုကြလျှင် အတန်းပညာကိုသာ ပြေးမြင်မိကြသည်။ ငယ်စဉ်ကတည်းက မိဘအုပ်ထိန်းသူများက စာတော်သော၊ စာပေပညာလေ့လာလိုက်စားနိုင်သော၊ ကျောင်းမှန်မှန်တက်၍ စာလိုက်နိုင်သော၊ အတန်းတိုင်းတွင် ပထမရသော ကလေးများကို ပညာတတ်ကြီးဖြစ်မည့်သူဟု ဆုံးမလေ့ရှိသည်ကလည်း အကြောင်းရင်းတစ်ခုဖြစ်သည်။ ထိုစကားများ ကြားရဖန်များခဲ့ပြီး လူငယ်ဘဝသို့ရောက်သည့်အခါ အတန်းပညာသည်သာ ဘဝအတွက်အရေးကြီးသည်ဟုထင်မိကြပြီး အတန်းပညာအားနည်းသွားသည့်အခါ ဘဝကိုလက်လျှော့လိုက်လိုကြသည်။

အတန်းပညာ အားနည်းသော်လည်း အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်တတ်မြောက်၍ ဘဝခရီးကို ကောင်းမွန်စွာလျှောက်လှမ်းနိုင်မည့် အသိပညာရှိသူများသည် အောင်မြင်နိုင်ကြသည်ကို မေ့လျော့နေတတ်ကြသည်။ တေးသီချင်းသီဆိုဖျော်ဖြေမှုကိုသာ နှစ်သက်သည့် ကလေးတစ်ဦးအတွက် အတန်းတိုင်းတွင် ရမှတ်များက ထိပ်ဆုံးရောက်နေရန်မဖြစ်နိုင်သော်လည်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် စင်ပေါ်မှနေ၍ ပရိသတ်များကိုဖျော်ဖြေနေသည့် နိုင်ငံကျော်အဆိုတော်တစ်ဦးဖြစ်လာနိုင်ပေသည်။ ယနေ့ခေတ်လူငယ်များအနေဖြင့် အတန်းပညာနှင့်အတတ်ပညာတို့ကို ချိန်ခွင်လျှာညီသကဲ့သို့ အချိုးအစားညီမျှစွာ ညှိနှိုင်းသင်ယူသင့်ပေသည်။ အတန်းပညာသည် အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ အတတ်ပညာသည်လည်း လက်တွေ့ဘဝကို တည်ဆောက်မည့် လက်နက်ကောင်းတစ်ခုဖြစ်သောကြောင့် ထိုနှစ်ရပ်စလုံးကို ဟန်ချက်ညီညီ ပေါင်းစပ်နိုင်မှသာလျှင် ပြည့်စုံသော ပညာတတ်တစ်ဦး ဖြစ်လာနိုင်မည်ဖြစ်သည်။

**အချိန်နှင့်အမျှဆည်းပူးသင့်**

ပညာဆိုသည့် ဘဝအတွက် အရေးကြီးသည့်အရာကို လေ့လာကြည့်သည့်အခါ "ပညာရွှေအိုး လူမခိုး"ဟု ဆိုကြသဖြင့် ပညာကို ရသည့်နေရာမှ ရသလောက်စုဆောင်းလေ့လာသင်ယူကြရန်လိုသည်။ အချို့သောသူများသည် ပညာကိုလေ့လာရာတွင် အသက်မည်မျှရှိမှ၊ မည်သည့်အခြေအနေရောက်မှ၊ မည်သို့ဖြစ်မှ မည်သည့်ပညာကို လေ့လာမည်ဆိုသည့်ရည်မှန်းချက်များကို ထားမိတတ်ကြသည်။ အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဟူသော စကားကလည်းရှိနေသဖြင့် မိမိအတွက် လက်လှမ်းမီ၍ အသုံးတည့်နိုင်သည့်ပညာများကို အချိန်မဆွဲဘဲ လေ့လာထားဖို့လိုသည်။

❖ ယနေ့ခေတ်တွင် နည်းပညာသည် လူသားတစ်ဦး၏ စိတ်ခံစားချက်များကိုပင် နားလည်လက်ခံ ခံစား၍ ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လာနိုင်ပြီဖြစ်သည်။ ကမ္ဘာ့အရပ်ရပ်တွင် တိုးတက်ပြောင်းလဲနေသော ပညာရပ်များကို ခလုတ်တစ်ချက်နှိပ်ရုံမျှဖြင့် ရှာဖွေလေ့လာနိုင်သည့် ခေတ်ပင်ဖြစ်သည်။ အားလပ်ချိန်များတွင် နည်းပညာကိုအသုံးချ၍ လေ့လာလိုက်စားရန်လိုသည်။ နည်းပညာကို ဘဝတက်လမ်းအတွက် တန်ဖိုးသိတန်ဖိုးရှိစွာ အသုံးချနိုင်သူတစ်ဦးအတွက် ဘဝလှေကားထစ်များကို တစ်ထစ်ချင်း မတက်တော့ဘဲ ဓာတ်လှေကားစီးသကဲ့သို့ အချိန်တိုအတွင်း လိုရာသို့ ရောက်နိုင်မည်ပင်ဖြစ်သည်။ ❖

လူ့ဘဝအရွယ်သုံးပါးတွင် ငယ်ဘဝနှင့် လူငယ်ဘဝက အားလပ်ချိန်များ ပိုမိုရရှိလေ့ရှိကြသည်။ လူလတ်ပိုင်းအရွယ်နှင့် လူကြီးပိုင်းအရွယ်တို့တွင် အားလပ်ချိန်ဆိုသည်က နည်းသည်ထက် နည်းလာတတ်သည်။ လူငယ်ဘဝတွင် အတန်းပညာနှင့် အတတ်ပညာများကို အပတ်တကုတ် လေ့လာလိုက်စားသင့်ပေသည်။ အရွယ်ရလာသည့်အခါ မိသားစုတာဝန်၊ အလုပ်တာဝန်၊ လူမှုရေးတာဝန် စသည့်တာဝန်များကို ထမ်းပိုးထားရပြီး ကိစ္စများမြောင်လှတို့ဘောင်ဆိုသည်နှင့်အညီ နိစ္စဓူဝလုပ်နေရသည့် အလုပ်များရှိနေတတ်သည်။ ထိုအချိန်မှ ပညာရပ်တစ်ခုခုကို လေ့လာလိုက်စားရန် မလွယ်ကူတော့ပေ။ အရွယ်နှင့်အမျှ ရလာသောအသိပညာတို့က ရှိသင့်သလောက်ရှိလာသော်လည်း ဘဝအတွက် အထောက်အပံ့ဖြစ်စေမည့် အသက်မွေးဝမ်းကြောင်း အတတ်ပညာတို့ကိုမူ ပြည့်စုံအောင်ကြိုးစားနိုင်ဖို့ မလွယ်တော့ပေ။ သို့ဖြစ်ရာ လူငယ်များအနေ ဘဝ အရွယ် ငယ်ရွယ်နေစဉ် ဦးနှောက်မှတ်ဉာဏ်များကလည်း ဖွံ့ဖြိုးနေသည့်ကာလတွင် ရသမျှသော ပညာများကို အပတ်တကုတ်လေ့လာလိုက်စားသင်ယူသွားကြဖို့တိုက်တွန်းလိုသည်။

**စာရေးစာဖတ် ခက်နေပြန်သည်**

သာမန်လူတစ်ဦးအတွက် စာရေးစာဖတ် အတတ်ပညာနှင့် ပေါင်း၊ နှုတ်၊ မြှောက်၊ စား ပညာများတို့သည် သင်ယူရန်မခက်ခဲလှပေ။ သို့သော် အခြေခံ စာရေး၊ စာဖတ်အတတ်ပညာကိုပင် သင်ကြားရန် အခွင့်အရေးမရသူ သို့မဟုတ် သင်ကြား၍မတတ်မြောက်နိုင်သူ သို့မဟုတ် ထွန်းပေါက်အောင် မြင်နိုင်ခြင်းမရှိသူတို့လည်းရှိနိုင်သည်။ စဉ်ဆက်မပြတ် လေ့လာသင်ယူနေရသည့်ခေတ်တွင် စာမတတ်သည့်အခါ အခက်အခဲနှင့်တွေ့နိုင်သဖြင့် စာရေးစာဖတ်ခြင်းသည် ဘဝအတွက် မရှိမဖြစ်ဟုဆိုနိုင်သည်။ သို့ရာတွင် စာရေးစာဖတ်မတတ်သော်လည်း အခြားသော အသက်မွေးဝမ်းကြောင်း အတတ်ပညာတစ်ခုခုကို စနစ်တကျလေ့လာလိုက်စားသင်ယူမည်ဆိုပါက အောင်မြင်သောဘဝကိုရနိုင်သည်။

စာမတတ်သည့်အခါ လူမှုဆက်ဆံရေးပျက်ပြားရသည်ဟု ယေဘုယျအားဖြင့် ထင်ရှိနိုင်သော်လည်း ယနေ့ခေတ်အချိန်အခါတွင် နည်းပညာအထောက်အပံ့များကြောင့် စာမရေးတတ်သော်လည်း တစ်ဦးနှင့်တစ်ဦးအသံဖြင့် ဆက်သွယ်နိုင်သည်။ အင်တာနက်ပေါ်တွင်လည်း ဉာဏ်ရည်တုနည်းပညာ (အေအိုင်)ကဲ့သို့သော နည်းပညာများဖြင့် ရှာလိုသည့် သတင်းများ၊ အကြောင်းအရာများကို အသံဖြင့် ပြောဆို ရှာဖွေနိုင်နေပြီ ဖြစ်သည်။ သို့ဖြစ်ရာ စာတတ်မှ ဘဝတက်လမ်းကိုမြင်နိုင်လျှောက်လှမ်းနိုင်သည်ဟု ဆိုသော်လည်း စာမတတ်သော်လည်း လေ့လာတတ်သည့် စိတ်ဓာတ် ရှိနေဖို့သာလိုသည်။ မြန်မာစာကိုပင် ကောင်းမွန်စွာ မရေးတတ်သည့် လူငယ်တစ်ဦးဖြစ်သော်လည်း ကြိုးစားမှုဖြင့် ဝပ်ရှော့ပညာကဲ့သို့သော လက်တွေ့ပညာများကို လေ့လာရင်းဖြင့် ဘဝခရီး လမ်းကို အေးချမ်းစွာလျှောက်လှမ်းနိုင်သည်။

**နည်းပညာကို အကျိုးရှိရှိ အသုံးချပါ**

ယနေ့ခေတ်တွင် နည်းပညာသည် လူသားတစ်ဦး၏ စိတ်ခံစားချက်များကိုပင် နားလည်လက်ခံ ခံစား၍ ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လာနိုင်ပြီဖြစ်သည်။ ကမ္ဘာ့အရပ်ရပ်တွင် တိုးတက်ပြောင်းလဲနေသော ပညာရပ်များကို ခလုတ်တစ်ချက်နှိပ်ရုံမျှဖြင့် ရှာဖွေလေ့လာနိုင်သည့် ခေတ်ပင်ဖြစ်သည်။ အားလပ်ချိန်များတွင် နည်းပညာကို အသုံးချ၍ လေ့လာလိုက်စားရန်လိုသည်။ နည်းပညာကို ဘဝတက်လမ်းအတွက် တန်ဖိုးသိတန်ဖိုးရှိစွာ အသုံးချနိုင်သူတစ်ဦးအတွက် ဘဝလှေကားထစ်များ ကို တစ်ထစ်ချင်း မတက်တော့ဘဲ ဓာတ်လှေကား စီးသကဲ့သို့ အချိန်တိုအတွင်း လိုရာသို့ရောက်နိုင် မည်ပင်ဖြစ်သည်။

အတန်းပညာမတတ်ဘဲ သာမန်စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း အတိုအထွာလေးများကို ပြင်ဆင်နေရသည့် လူငယ်တစ်ဦးအနေဖြင့် အွန်လိုင်းအသုံးပြု၍ ခေတ်မီစက်ပစ္စည်းကိရိယာများ ပြင်ဆင်နည်းကိုပါ လေ့လာတတ်မြောက်နိုင်သည်။ လူတိုင်း ဖုန်းတစ်လုံးကိုင်နိုင်နေပြီး အင်တာနက်အသုံးပြုနိုင်သည့်ခေတ်တွင် စာမဖတ်တတ်သော်လည်း အွန်လိုင်းအသံစာအုပ်များဖြင့် လုပ်ငန်းခွင်မပျက် စာဖတ်နိုင်ပြီဖြစ်သည်။ အမြင်အာရုံချို့ယွင်းသူများသည်ပင် အသံစာအုပ်များဖြင့် ကမ္ဘာ့ပတ်နိုင်သည့်ခေတ်တွင် စာရေး စာဖတ် မတတ်ရုံမျှဖြင့် အားငယ်နေဖို့မလိုပေ။ လေ့လာလိုသည့် စိတ်နှင့်သင်ယူတတ်မြောက်ကာ ဘဝအောင်မြင်လိုသည့် စိတ်ဓာတ်များရှိဖို့သာလိုသည်။ အပတ်တကုတ်လေ့လာလိုက်စား၍ ပညာကိုပျားရည်စုသကဲ့သို့ စုနေသူများအဖို့ စာရေးစာဖတ်က သတ်မှတ်ချက်သပ်သပ်သာဖြစ်နေမည်ဖြစ်သည်။

**ရပ်မနေဖို့က အဓိက**

အတန်းပညာ တတ်ခြင်း မတတ်ခြင်းဆိုသည့် ခေါင်းစဉ်အောက်တွင် အတန်းပညာ တတ်မြောက်ခြင်းကြောင့် မာန်မာနထောင်လွှားခြင်း၊ အတန်းပညာ မတတ်မြောက်ခဲ့ခြင်းကို စိတ်ပျက်အားလျော့ခြင်း ဆိုသည့် အစွန်းရောက်သည့် စိတ်များမရှိဖို့လိုသည်။ ပညာတတ်စင်စစ်ဖြစ်လိုသည်ဟုဆိုပါလျှင် အတန်းပညာတစ်ခုတည်းကို ဘဝဟုထင်မှတ်မှားနေ၍ မဖြစ်ပေ။ ပါရဂူဘွဲ့ရသူတစ်ဦးအနေဖြင့် လေ့လာလိုက်စားမှုကို ရပ်တန့်လိုက်သည့်အချိန်တွင် ပါရဂူဘွဲ့သည် စာရွက်တစ်ရွက်မျှသာဖြစ်နေမည်ဖြစ်သည်။ ဘဝပေးအခြေအနေအရ အတန်းပညာ မတတ်ခဲ့သူဖြစ်ခဲ့သဖြင့် အသိပညာနှင့် အတတ်ပညာများကို မလေ့လာ မလိုက်စားဘဲ နေမည်ဆိုပါက ဘဝခရီးလမ်း ချောက်ကမ်းပါးအတွင်းသို့ ကျသွားမည်သာဖြစ်သည်။ ဖြစ်သည့် ဘဝ၊ ရှိသည့် အခြေအနေ၊ ရောက်သည့် နေရာတွင် ရပ်မနေဘဲ ကြိုးစားဖို့သာလိုသည်။

"ပညာတတ်သူများသာ ဘဝတွင် အောင်မြင်နိုင်ကြမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ အတန်းပညာတို့ကို ရသမျှကြိုးစားလေ့လာလိုက်စားပြီး အစွန်းရောက်အတွေးများကို ဖယ်ရှားကြရန်လိုသည်။ အတန်းပညာဆိုသည်မှာ ဘဝအောင်မြင်မှုပန်းတိုင်ဆီသို့တက်လှမ်းရန် လှေကားထစ်မျှသာဖြစ်သည်။ ထိုလှေကား ထစ်များပေါ်တွင် မှန်ကန်စွာလျှောက်လှမ်းနိုင်သည့် မျက်လုံးနှင့်တူသော အသိပညာရှိရန်လည်း လိုအပ်သည်။ အတတ်ပညာဆိုသည်မှာလည်း သန်မာသောလက်ရုံးနှင့်တူပြီး အသိပညာမှာမူ လမ်းမှန်ကိုညွှန်ပြသည့် အိမ်မြှောင်နှင့်တူသည်။ မည်မျှပင် လက်ရုံးအားကောင်းစေကာမူ လမ်းပြမည့် အိမ်မြှောင်မရှိလျှင် မှားယွင်းသောလမ်းကြောင်းသို့ ရောက်ရှိသွားနိုင်သကဲ့သို့၊ အတတ်ပညာကို အသိပညာဖြင့် မထိန်းကျောင်းနိုင်ပါက ထိုပညာသည် လောကအတွက် အန္တရာယ်ပင်ဖြစ်စေနိုင်သည်။ သို့ဖြစ်ရာ အသိပညာ၊ အတတ်ပညာအမှန်တကယ်တတ်သူ၊ ပညာတတ်သူဖြစ်လိုပါလျှင် ဘဝကို ထိန်းကျောင်းတည့်မတ်ပေးမည့် ကိုယ်ကျင့်တရားနှင့် ဆင်ခြင်တုံတရားရှိရန်ဖြစ်သည်။ အသိ၊ အတတ်၊ အတန်းပညာ သုံးရပ်စုံလင်သော်လည်း ကိုယ်ကျင့်တရားချို့တဲ့နေပါက ထိုသူကိုပညာတတ်သူဟု ခေါ်ဆိုရန် ခဲယဉ်းပေလိမ့်မည်။ သို့ဖြစ်ပါ၍ ကိုယ်ကျင့်တရားကောင်းမွန်အောင် ကြိုးစားရင်းအခြားသော ပညာရပ်များကိုပါ အစဉ်မပြတ်လေ့လာဆည်းပူးခြင်းဖြင့် ပညာပြည့်ဝ နှလုံးလှသည့်ပညာတတ်သူများ ဖြစ်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။

# Mahar Application က ပဥ္စလက်ဇာတ်ကားသစ်ကို ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်လွှင့်သွားမည်




ရန်ကုန် ဇန်နဝါရီ ၇

Mahar Application က ပဥ္စလက် ဇာတ်ကားသစ်ကို ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ပဥ္စလက် ဇာတ်ကားသစ်ကို ဖန်တီးပုံဖော် ရိုက်ကူးထားသူ ဒါရိုက်တာ ထွဋ်တင့်ထွန်းထံမှ သိရသည်။

အဆိုပါ ပဥ္စလက် ဇာတ်ကားသစ်၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ဝီရဝင်းလွင်က ရေးသားထားပြီး ညမွှေးပန်းက ဇာတ်ညွှန်းမွမ်းမံထားကာ ဒါရိုက်တာ ထွဋ်တင့်ထွန်း Mahar Application အတွက် Original Movies အဖြစ် ဖန်တီးပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"လူတစ်ယောက်ရဲ့ မသိစိတ်တွေထဲမှာ ကိုယ်တိုင်မောင်းထုတ်လို့မရတဲ့ အရိပ်တစ်ခုပိတ်မိနေတတ်တယ်ပေါ့။ လူတစ်ယောက်နဲ့တစ်ယောက်ကြားမှာ ချစ်ခြင်း၊ မုန်းခြင်းနဲ့ စွဲလမ်းခြင်းတွေရှိတယ်ပေါ့။ အဲဒါတွေရဲ့ အဆုံးသတ်မှာဘယ်လို ပဥ္စလက်လှည့်ကွက်တွေ ရှိနေမလဲဆိုတာကို ဇာတ်ကားမှာကြည့်ရှုပေးကြပါ"ဟု ဒါရိုက်တာ ထွဋ်တင့်ထွန်းက ပြောပြသည်။

အဆိုပါ ပဥ္စလက်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရဲရင့်သော်၊ ဘုန်းသီရိကျော်၊ စင်ဒီမြတ်၊ ချိုမဒီသွင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားပြီး အဆိုပါဇာတ်ကားကို Mahar Application က ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီတွင် ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# လိပ်ပြာခွဲချိန်ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၇

နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ဇန်နဝါရီ ၉ ရက်၌ ရုံတင်ပြသသွားမည့် လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကား Premiere Show ဇန်နဝါရီ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ ခင်ဝင့်ဝါထံမှ သိရသည်။



အဆိုပါ လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ဂျူလိယာမြင့်သိန်း၏ ထင်ရှားသည့် ဖြည့်ရန်ကျန်သော ဆက်ထုံးများ ဝတ္ထုကို မှီးနှီးလွင်က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ မီးပွားက ဇော်မွှေး ရုပ်ရှင်ထုတ်လုပ်ရေး အတွက် အကောင်းဆုံး ပုံဖော်ဖန်တီးရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ဒီကားထဲမှာ ခင်သစ္စာဆိုတဲ့ ကာရိုက်တာနဲ့ ဝင့်ဝါအကောင်းဆုံး ကြိုးစားထားတာပါ။ ဒီကားက ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုဖြစ်ပြီး တကယ့်ကို ဆန်းကြယ်တဲ့ ဇာတ်လမ်းဖြစ်သလို ဝတ္ထုအနေနဲ့ အရမ်းနာမည်ကြီးတဲ့ ဝတ္ထုလဲ ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ခင်ဝင့်ဝါက ပြောပြသည်။

လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အလင်းရောင်၊ ရဲရင့်သော်၊ ခင်ဝင့်ဝါ၊ ဖူးစုံ၊ မေတိုးခိုင်၊ ဖုန်းသီရိကျော်၊ သံသာညီ၊ စိုးမိုးကြည်နှင့်အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# မင်းလှမြို့နယ် ရှမ်းကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

မင်းလှ ဇန်နဝါရီ ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ရှမ်းကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် လမ်းအရှည်ပေ ၆၂၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့အချိန်နှင့်တပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း၊ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းထံမှ သိရသည်။

အေးမြတ်

# ယူနီဗာဆယ်၏ Black Phone -2 ဇာတ်ကားကို Peacock မှတစ်ဆင့် ထုတ်လွှင့်မည်

နယူးယောက် ဇန်နဝါရီ ၇

ယူနီဗာဆယ်ကုမ္ပဏီ၏ Black Phone -2 ဇာတ်ကားကို Peacock မှတစ်ဆင့် ဇန်နဝါရီ ၁၆ ရက်တွင် စတင်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။

ယူနီဗာဆယ်ကုမ္ပဏီသည် Black Phone -2 ဇာတ်ကားကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် စတင်ရုံတင်ပြသခဲ့ရာ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၂ သန်းကျော် ရရှိထားကြောင်း သိရသည်။

လက်ရှိတွင် Black Phone -2 ဇာတ်ကားကို Peacockမှတစ်ဆင့် အွန်လိုင်းစနစ်ဖြင့် ဆက်လက်ထုတ်လွှင့်ပြသရန် စီစဉ်ထားကြောင်း ယူနီဗာဆယ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Black Phone -2 သည် Black Phone (2021) ထိတ်လန့်သည်းဖို ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ စကော့ဒါးရစ်ဆင်က တာဝန်ယူရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စီရောဘတ်ကာဂီးနှင့်ပူးတွဲရေးသားပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား အီသန်ဟော့၊ မေဆင်သားမက်၊ မိဒဲမိုရာနှင့် မင်းသမီး အာရီယာနာ ရီးဗက်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# Avatar-4 ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဝမ် အစားထိုးရိုက်ကူးနိုင်ဖွယ်ရှိ

နယူးယောက် ဇန်နဝါရီ ၇

စတုတ္ထမြောက် Avatar ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းကင်မရွန် ဆက်လက်ရိုက်ကူးခြင်းမရှိခဲ့ပါက ဒါရိုက်တာ ဂျိမ်းဝမ်က အစားထိုး တာဝန်ယူ ရိုက်ကူးနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၆ ရက် သတင်းများအရ သိရသည်။

အကယ်၍ ဒါရိုက်တာ ဂျိမ်းကင်မရွန်အနေဖြင့် Avatar-4 ကို ရိုက်ကူးရန်ဆန္ဒမရှိတော့ပါက မိမိအနေဖြင့် ၎င်း၏နေရာတွင် အစားထိုးတာဝန်ယူရိုက်ကူးရန် ဆန္ဒရှိကြောင်း ဒါရိုက်တာ ဂျိမ်းဝမ်က ထုတ်ဖော်ပြောကြားထားသည်။

ဒါရိုက်တာ ဂျိမ်းကင်မရွန်အနေဖြင့် Avatar-4 ဇာတ်ကားကို ဆက်လက်ရိုက်ကူးရန် အစီအစဉ်ရှိမရှိနှင့်ပတ်သက်၍ မသေချာဖြစ်နေချိန်တွင် ဒါရိုက်တာ ဂျိမ်းဝမ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒါရိုက်တာ ဂျိမ်းဝမ်သည် Aquaman ဇာတ်ကားများနှင့် The Conjuring ကဲ့သို့ ကမ္ဘာကျော် ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့သော Avatar ဇာတ်ကား သုံးကားစလုံးကိုလည်း ဒါရိုက်တာ ဂျိမ်းကင်မရွန်ကပင် ရိုက်ကူးပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## H.E. Mr. Daniel Ortega Saavedra and H.E. Mrs. Rosario Murillo, Co-Presidents of the Republic of Nicaragua send Congratulatory Message to Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar

On behalf of the Government of Reconciliation and National Unity of the Republic of Nicaragua, our people, and ourselves, we extend our warmest and most fraternal congratulations to you and the brotherly people of the Republic of the Union of Myanmar on the 78th anniversary of your nation's independence, on January 4.

Nicaragua deeply recognizes and values the rich cultural heritage, spirituality, and fraternity of your people, pillars that have sustained your national identity throughout the ages.

Our best wishes join those of your people on this national holiday, with the aspiration that the path forward will be illuminated by understanding and well-being for all the families that make up the beautiful land of Myanmar.

We reiterate our commitment to strengthening peoples of friendship, solidarity, and mutual respect that unite our Peoples and Governments.

Receive, Brother President, our fraternal and revolutionary embrace, with the affection of the Nicaraguan people for the beloved People of Myanmar.

# More than 2,000 acres of croplands placed under black gram plants

**Wetlet January 7**

Local farmers grew 2,785 acres of black gram as cold season crops in Wetlet Township of Sagain Region this year, according to the statistics of the township Agriculture Department.

During the 2025-2026 winter crop cultivation season, Wetlet Township has set a target of cultivating 2,794 acres of black gram. Planting began in October this year, and as of today, 2,785 acres have been successfully cultivated, according to reports.

"This winter crop season, Wetlet Township planned to cultivate 2,794 acres of black gram, and planting has been completed on 2,785 acres. We are continuing efforts to meet the full target acreage. During the cultivation period, we are also conducting field-level activities to provide necessary technologies, quality seeds, and pest and disease prevention methods," said Daw Kyin San, Township Head of the Department of Agriculture in Wetlet Township.

In Wetlet Township, the Township Department of Agriculture is providing awareness and guidance to black gram farmers on access to regionally suitable high-quality and pure seed varieties, correct cultivation practices, effective pest management, systematic use of fertilizers, and measures to achieve good yields.

During the current winter cropping season, in cultivating various pulse crops, the relevant township Departments of Agriculture are working in cooperation with farmers to ensure good yields and quality of pulse crops by providing quality seed varieties, agricultural inputs, and post-harvest technologies.

206

# Wakema Township supplies 580,000 bunches of Pheegyan banana to Yangon in December

**Wakema January 7**

Local merchants of Wakema Township in Ayeyawady Region sold 580,000 bunches of Pheegyan banana to Yangon market in December, said Daw Myint Myint Aye, the owner of banana trading depot in Wakema Township.

From Wakema Township, shipments of Pheegyan bananas to the Yangon market over the past one month of this year reached only 450,000 bunches, while a total of 580,000 bunches were exported and sold during the period from 1 to 31 December 2025.

"Over the past month, shipments of Pheegyan bananas to Yangon have been strong. Locally produced crops have been sold mainly to the Yangon market. Domestically, demand for bananas remains high. Most of the bananas shipped to the Yangon market were Pheegyan bananas. At present, banana prices have declined slightly compared to earlier, and buying and selling activities are operating smoothly," said Daw Myint Myint Aye.

Pheegyan bananas shipped from Wakema Township to the Yangon market over the past month were traded at prices of up to K145,000 per 100 bunches. As trading of these locally produced bananas remains active, workers, traders, and growers are benefiting.

Kyaw Kyaw Lin

# Long bean in high demand at domestic market in Nyaungdon Township

**Nyaungdon January 7**

Long beans produced in Nyaungdon Township of Ayeyawady Region are in high demand at the domestic market, said Daw Nyo Nyo, the owner of green grocery depot in Nyaungdon Township.

In Nyaungdon Township, locally produced long beans are being traded at the fresh produce market from the first week of January this year up to the present. Currently, daily purchases have increased to between 2,500 and 5,500 viss, with trading reported to be brisk. The market price of long beans has reached up to K9,500 per viss.

"Long beans produced in this area are in strong demand from other townships. At present, daily trading volume has reached up to 35,000 viss. As a wide range of local agricultural products are cultivated, transportation costs are reduced, and consumers can access clean and fresh food. Buyers from other regions are actively sourcing long beans from this fresh produce market. Along with rising demand, prices have also increased. With stronger demand for locally produced long beans, vegetable farmers are now enjoying better opportunities," said Daw Nyo Nyo.

Nyaungdon Township is currently in the peak season for locally produced vegetables, including long beans. Due to strong demand and active trading of long beans, preparations are being made to expand cultivation. As only local produce is being sold, transportation costs are lower, and trading focuses on fresh crops, resulting in various economic benefits.

Kyaw Kyaw Lin

# Greenland not for sale: French FM

**Paris January 7**

French Foreign Minister Jean-Noel Barrot on Wednesday reiterated France's support for Greenland, stressing that "Greenland is not for sale."

In an interview with Radio France, Barrot said that Greenland belongs to the Greenlanders and its future will be defined in an agreement between the Greenlandic and Danish authorities.

Barrot said that it would make absolutely no sense for a NATO country to attack another NATO country, and it would be completely contrary to the interests of the United States.

The minister said that he spoke with U.S. Secretary of State Marco Rubio on Tuesday. "He ruled out the possibility of what has just happened in Venezuela happening in Greenland," Barrot added.

However, White House Press Secretary Karoline Leavitt said Tuesday that U.S. President Donald Trump and his team are weighing "a range of options" to acquire Denmark's Greenland, including "utilizing the U.S. military."

On Saturday, U.S. forces launched a military strike against Venezuela, forcibly seizing President Nicolas Maduro and his wife on Venezuelan soil. The move has drawn widespread condemnation and protests, with many denouncing it as an unlawful act motivated primarily by a desire to control Venezuela's vast oil reserves.

Barrot stated that in response to U.S. threats, France intends to take action but will do so in coordination with European partners, adding that he would discuss the issue with the foreign ministers of Germany and Poland.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Cultivation of maize exceeds target acreage in Sagaing Township this year



A maize plantation in Sagaing Township.

**Sagaing January 7**

Local farmers grew the maize on the croplands exceeding the target sown acreage in Sagaing Township of Sagaing Region, according to the township Agriculture Department.

During the 2025-2026 winter cropping season, Sagaing Township plans to cultivate a total of 22,911 acres of maize crops, comprising 3,584 acres of maize and 19,327 acres of sweet corn. Planting began in October 2025, and as of today, 3,063 acres of maize and 22,487 acres of sweet corn—totalling 25,550 acres—have already been planted, according to reports.

"During this year's winter cropping season in Sagaing Township, 22,911 acres of maize and sweet corn were originally targeted for cultivation, but 25,550 acres have already been planted. At present, maize cultivation has been completed at 100 percent of the planned area. To ensure successful crop development, we are providing farmers with technical guidance and awareness-raising activities, including measures to prevent pest and disease infestations," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

This year, the Sagaing Township Department of Agriculture has been providing training to farmers cultivating grain maize and sweet corn, conducting field demonstrations, promoting preventive measures against fall armyworm, and disseminating information on integrated crop protection systems, including the use of neem-based pesticides as well as ginger- and chilli-based pest control treatments, it is reported.

In Sagaing Township, maize yields exceed 50 baskets per acre, with cultivation costs of about K500,000 per acre. Sweet corn yields average around 15,000 ears per acre, while cultivation costs exceed K500,000 per acre, according to available data.

206

# Khamti Township completes harvest of all rainfed paddy

**Khamti January 7**

Khamti Township has already harvested all of the rainfed paddy planted in this year's rainfed planting season, according to the statistics from the Department of Agriculture for Khamti Township.

Khamti Township has been able to plant 8,306 acres of rainfed paddy this year, and the paddy fields have been harvested since October this year. So far, all of the paddy has been harvested, yielding 67.65 baskets per acre.

"All of the planted paddy fields have now been harvested fully. Rainfed paddy cultivation can be expanded beyond the target acres. We are providing the necessary technology and varieties for rainfed paddy cultivation. We have been conducting field visits to help farmers plant rainfed paddy on time," said Daw Su Su Khaing, head of Department of Agriculture for Khamti Township.

During this year's rainy season, the relevant township agriculture department and local farmers have been working together to ensure that rainfed rice is planted without any difficulties and that it can be planted systematically. 206

# Myinmu Township expands target cultivation of chickpea this year

**Myinmu January 7**

According to Sagaing District Agriculture Department, local farmers cultivated chidkpea on the croplands exceeding the target cultivation in Myinmu Township of Sagaing Region this year.

During the 2025-2026 winter cropping season, Myinmu Township plans to cultivate 13,534 acres of chickpea. Planting began in October this year, and as of now a total of 14,214 acres have already been planted, according to reports.

"During this year's winter cropping season in Myinmu Township, more than 13,000 acres of chickpea were originally targeted for cultivation, but more than 14,000 acres have already been planted. At present, chickpea cultivation has exceeded the planned acreage. Chickpea cultivation has been increasing year by year. To ensure good yields and quality of pulses, we are working together with farmers to provide quality seeds, necessary inputs, and post-harvest technologies," said Daw Myat Moe Win, District Head of the Sagaing District Department of Agriculture.

It is also reported that locally suitable, high-yielding chickpea varieties such as Yezin-8 and Yezin-11 are being selected for cultivation, and that cultivating one acre of chickpea costs more than K300,000.

During this winter cropping season, in the cultivation of various pulse crops, the Department is cooperating with farmers to provide quality seeds, agricultural inputs, and post-harvest technologies required to improve yield and quality. In addition, awareness-raising and extension activities are being carried out through lead farmers to promote the use of beneficial fungi (Trichoderma) during pulse cultivation.

Sagaing Region is the leading region nationwide in terms of total cultivated area for pulses. Pulses can be grown as a main crop as well as in multiple and intercropping systems, and farmers are therefore cultivating them as income-generating crops. 206

# Myaung Township cultivates over 7,000 acres of winter seed corn and millets

**Myaung January 7**

A total of 7,927 acres of seed corn and millets have been planted in Myaung Township, Sagaing District, Sagaing Region during this year's winter crops planting season, according to the statistics of the Department of Agriculture for Sagaing District.

In the 2025-2026 winter crops planting season, Myaung Township has planned to plant 7,224 acres of seed corn and 726 acres of millets, a total of 7,950 acres. Planting has started since October this year. So far, 7,226 acres of seed corn and 701 acres of millets, a total of 7,927 acres have been planted.

"We are working to ensure that the targeted acres are planted. We are providing education to help corn crops grow successfully and prevent pests and diseases," said Daw Myat Moe Win, head of the Department of Agriculture for Sagaing District.

More than 50 baskets of seed corns are produced per acre, and the cost of planting per acre of seed corns is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting per acre is over 500,000 kyats.

206

# World Insights: Europe caught in dilemma after U.S. raid in Venezuela

**Brussels January 7**

The shocking U.S. military operation in Venezuela and the seizure of its President Nicolas Maduro have triggered a heated global debate over the rule of international law and the limits of unilateral superpower. Yet in Europe, official reactions have been notably uneven, with major capitals stressing "principles" while often avoiding direct criticism of Washington.

The cautious messaging has drawn sharp scrutiny from political analysts and legal experts in the West, given Europe's posture on the Russia-Ukraine conflict. European governments have condemned Russia's use of force against Ukraine and violation of sovereignty.

Europe's defense of a "rules-based order" is becoming selectively applied, risking its credibility when the violator is its most powerful ally.

In the aftermath of the crisis, European leaders made remarks widely described as "calibrated" -- emphasizing "stability" and the "complex" nature of the operation, while steering clear of explicit legal or political condemnation of the United States.

In London and Berlin, officials have largely sought to separate the operation's outcome from the legal principles usually championed by the bloc.

British Prime Minister Keir Starmer described the situation as "complex," placing the onus on the United States to justify its actions, while emphasizing the need for a peaceful transition.

Xinhua



People protest against U.S. strikes on Venezuela and its capture of Venezuelan President Nicolas Maduro and his wife, in San Salvador, El Salvador, on Jan. 3, 2026.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲနိုင်ငံက ပြည်တွင်းထုတ် SiPER-1 တာဝေးပစ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို စမ်းသပ်ခဲ့



တူကီယဲနိုင်ငံသည် နိုင်ငံမြောက်ပိုင်း Sinop စမ်းသပ်ရေးစင်တာ၌ ပြည်တွင်းထုတ် SiPER-1 တာဝေးပစ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးလက်နက်စနစ် တပ်ခွဲအဆင့်လက်နက်စနစ် လွှဲပြောင်းလက်ခံရေး စမ်းသပ်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း Defence Blog သတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်ပစ်ခတ်မှုကို တကယ့်စစ်မြေပြင်အခြေအနေအတိုင်း ဖန်တီးထားသည့် မိတ်ဆွေနှင့် ရန်သူလေယာဉ်များ လေပိုင်နက်တစ်ခုတည်းအတွင်း တစ်ပြိုင်နက်တည်း ပျံသန်းလှုပ်ရှားနေသည့် ခက်ခဲသော အခြေအနေတစ်ရပ်အောက်တွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းစမ်းသပ်မှုသည် လက်နက်စနစ်၏ စွမ်းဆောင်ရည်ကို လက်တွေ့ တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သက်သေပြနိုင်ခဲ့ပြီး SiPER-1 လက်နက်စနစ် အစိတ်အပိုင်းများအတွက် လက်ခံနိုင်စွမ်းစစ်ဆေးမှုများ ပြီးဆုံးကြောင်း သိရသည်။

SiPER-1 လက်နက်စနစ်တွင် ပစ်ခတ်မှုထိန်းချုပ်ရေးဗဟိုဌာန၊ ပစ်ခတ်မှုထိန်းချုပ်ရေးရေဒါ၊ ဒုံးပစ်လောင်ချာစနစ်နှင့် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်တို့ပါဝင်ဖွဲ့စည်းထားသည်။ ၎င်းလက်နက်စနစ်သည် အာရုံခံကိရိယာများ၊ ကွပ်ကဲမှုစနစ်များနှင့် ဒုံးကျည်စနစ်များကို အလွှာလိုက် ပေါင်းစပ်ထားသည့် တူကီယဲနိုင်ငံ၏ Steel Dome (သံမဏိအမိုးခုံး) အစီအစဉ်အောက်တွင် တပ်ဖြန့်ခဲ့သည်။

ယခုစမ်းသပ်မှုတွင် ကွပ်ကဲကြီးကြပ်မှုဌာနချုပ်နှင့် တာဝေးရှာရေဒါတို့ မပါဝင်ဘဲ တပ်ခွဲအဆင့် အစိတ်အပိုင်းများကိုသာ အဓိကထား စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ တူကီယဲနိုင်ငံ၊ ကာကွယ်ရေးတာဝန်ရှိသူများက ယခုပစ်ခတ်မှုသည် လက်နက်စနစ်၏ တာဝေးကြားဖြတ်ဟန့်တားနိုင်စွမ်းကို အတည်ပြုနိုင်ခဲ့သလို လက်ရှိစနစ်၏ စစ်ဆင်ရေးလုပ်ဆောင်နိုင်စွမ်းရင့်ကျက်မှုကိုလည်း သက်သေပြနိုင်ခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။

SiPER လက်နက်စနစ်စီမံကိန်းကို ASELSAN ကုမ္ပဏီဦးဆောင်သော တူကီယဲနိုင်ငံ၊ ကာကွယ်ရေးကုမ္ပဏီများက ပြည်တွင်းစက်မှုလုပ်ငန်းရှင်များနှင့် ပူးပေါင်း တည်ဆောက်နေခြင်းဖြစ်သည်။ ASELSAN ကုမ္ပဏီထုတ် ရေဒါကွပ်ကဲမှုနှင့် ပစ်ခတ်မှုထိန်းချုပ်ရေး နည်းပညာများသည် ၎င်းစမ်းသပ်မှုအတွင်း ထိရောက်မှုရှိကြောင်း အတည်ပြုနိုင်ခဲ့သည်။ SiPER-1 သည် လေယာဉ်များနှင့်ဒုံးကျည်များအပါအဝင် လေကြောင်းခြိမ်းခြောက်မှုအမျိုးမျိုးကို အဝေးမှနေ၍ ကာကွယ်ရန် ဒီဇိုင်းထုတ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

၎င်းစနစ်သည် တူရကီ၏ အလွှာလိုက်လေကြောင်းကာကွယ်ရေး ကွန်ရက်တွင် အမြင့်ဆုံးအလွှာအဖြစ် တာဝန်ယူမည်ဖြစ်ပြီး လက်ရှိအသုံးပြုနေသော အနီးကပ်နှင့် တာလတ်ပစ်လက်နက်စနစ်များကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း သိရသည်။ ၎င်းတပ်ခွဲအဆင့် လက်နက်စနစ် လွှဲပြောင်းလက်ခံစစ်ဆေးမှုအောင်မြင်ခြင်းသည် တူကီယဲနိုင်ငံအတွက် ကိုယ်ပိုင် တာဝေးပစ်လေကြောင်းရန် ကာကွယ်ရေး စွမ်းရည်တည်ဆောက်ရာတွင် မှတ်တိုင်တစ်ခုပင်ဖြစ်သည်။ သို့သော်လည်း စီမံကိန်း၏ လုံခြုံရေးအရ စမ်းသပ်မှုတွင် ရရှိခဲ့သော တိကျသည့် အကွာအဝေးနှင့် အနာဂတ်ထုတ်လုပ်မှု အချိန်ဇယားများကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

**Turkey tests SiPER-1 air and missile defense system ကို ဘာသာပြန်ဆိုထားပါသည်။**

## ဩစတြေးလျ Drone Shield ကုမ္ပဏီက လက်ကိုင်တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များထောက်ပံ့ရန် အနောက်နိုင်ငံတစ်နိုင်ငံနှင့်စာချုပ်ချုပ်ဆိုခဲ့

ဩစတြေးလျနိုင်ငံအခြေစိုက် Drone-Shield ကုမ္ပဏီသည် အနောက်နိုင်ငံတစ်နိုင်ငံထံ လက်ကိုင်တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များနှင့် အထောက်အကူပြုဝန်ဆောင်မှုများ ပေးရန်အတွက် အမေရိကန် ဒေါ်လာ ၈ ဒသမ ၂ သန်းတန်ဖိုးရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း ထောက်ပံ့သောနိုင်ငံအမည်ကို ဖော်ပြထားခြင်းမရှိကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းသဘောတူစာချုပ်တွင် သယ်ဆောင်ရလွယ်ကူသည့် မောင်းသူမဲ့လေယာဉ်တန်ပြန်ရေး ကိရိယာများ၊ ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်း အစုံအလင်နှင့် ဆက်လက်ဆောင်ရွက်မည့် ဆော့ဖ်ဝဲလ်အဆင့်မြှင့်တင်မှုများ ပါဝင်မည်ဖြစ်သည်။ အဆိုပါသဘောတူချက်သည် တစ်ကြိမ်တစ်ခါတည်း ဝယ်ယူခြင်းမျိုးမဟုတ်ဘဲ ခုနစ်နှစ်ကျော်ကြာ တည်ရှိခဲ့သည့် နှစ်ဦးနှစ်ဖက် ဆက်ဆံရေးကို အစီအစဉ်အမျိုးမျိုးမှတစ်ဆင့် ထပ်မံတိုးချဲ့လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ DroneShield ကုမ္ပဏီသည် ဩစတြေးလျနိုင်ငံအခြေစိုက်ကာကွယ်ရေး နည်းပညာကုမ္ပဏီတစ်ခုလည်းဖြစ်သည်။

လက်ကိုင်စနစ်များသည် ပြောင်းလဲမှုမြန်ဆန်ပြီး ပဋိပက္ခပြင်းထန်သည့် ပတ်ဝန်းကျင်များတွင် စစ်ဆင်ရေးလုပ်ဆောင်နေရသော ခြေလျင်တပ်ဖွဲ့ငယ်များအတွက် အထူးအရေးပါလာသည်။ ၎င်းကိရိယာများသည် မောင်းသူမဲ့လေကြောင်းရန် ခြိမ်းခြောက်မှုများကို ချက်ချင်းရှာဖွေဖော်ထုတ်နိုင်ပြီး တပ်ဖွဲ့ဝင်များအနေဖြင့် ယာဉ်တင်စနစ် သို့မဟုတ် အထိုင်စနစ်သုံးကာကွယ်ရေးပစ္စည်းများကိုသာ အားကိုးခြင်းမရှိဘဲ လျင်မြန်စွာ တုံ့ပြန်နိုင်စေသည်။ ကုမ္ပဏီ၏ အဆိုအရ ယခုစာချုပ်သည် ပိုမိုမြန်ဆန်လာသော လက်နက်ဝယ်ယူမှု အချိန်ဇယားများနှင့် ဒရုန်းခြိမ်းခြောက်မှုများ ပြောင်းလဲလာသည်နှင့်အမျှ ဆော့ဖ်ဝဲလ်အဆင့်မြှင့်တင်မှုမှတစ်ဆင့် လိုက်လျောညီထွေဖြစ်အောင်လုပ်ဆောင်နိုင်သည့် စနစ်များအပေါ် ပိုမိုအာရုံစိုက်လာသည့် ကမ္ဘာ့လက်နက်ဝယ်ယူမှု အလားအလာများကို မီးမောင်းထိုးပြနေခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့် နှစ်နှစ်အတွင်း Drone-Shield ကုမ္ပဏီသည် ဒေသအနှံ့အပြားရှိ စစ်ဘက်နှင့် အစိုးရဖောက်သည်နိုင်ငံများထံသို့ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို ပေးပို့ခဲ့ပြီး ၎င်းသည် သယ်ဆောင်ရလွယ်ကူသော လေကြောင်းပိုင်နက် ကာကွယ်ရေးစနစ်များအပေါ် ကမ္ဘာ့ဝယ်လိုအား မြင့်တက်လာမှုကို ထင်ဟပ်စေလျက်ရှိသည်။ ယူကရိန်းပဋိပက္ခတွင် ဒရုန်းအငယ်စားများကို ကျယ်ပြန့်စွာ အသုံးပြုလာမှုကြောင့် DroneShield ကုမ္ပဏီထုတ် တန်ပြန်ဒရုန်းတိုက်ဖျက်ရေး ကိရိယာများကို ရှေ့တန်းစစ်ဆင်ရေးများတွင် အသုံးပြုရန် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။



ဥရောပတစ်လွှားတွင်လည်း Drone-Shield သည် နေတိုး (NATO) နှင့် မဟာမိတ်နိုင်ငံများစွာထံသို့ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို ပံ့ပိုးပေးခဲ့သည်။ အထူးသဖြင့် ကုန်ကျစရိတ်သက်သာသော လေကြောင်းခြိမ်းခြောက်မှုများအပေါ် စိုးရိမ်ပူပန်မှု မြင့်တက်နေသည့်ဥရောပအရှေ့ပိုင်းနှင့် မြောက်ပိုင်းရှိ စစ်အခြေစိုက်စခန်းများနှင့် စစ်မြေပြင်တပ်ရင်းဖွဲ့များတွင် အဆိုပါစနစ်များကို တပ်ဖြန့်ထားရှိပြီး လက်နက်ဝယ်ယူမှုလုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**DroneShield Wins $8.2M Contract to Supply Counter-Drone Systems ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**မြောင်းမြ ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက ၁၄၃၀၁၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော စပါးခင်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါးတစ်ဧကလျှင် ၁၀၁ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ မိုးစပါးဧက ၁၄၃၀၁၀ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မိုးစပါးဧက အားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးဖြစ်ပါတယ်။ မိုးစပါးတွေ ရိတ်သိမ်းရာမှာ အခက်အခဲမရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့ သွင်းအားစုတွေကိုလဲ စပါးမစိုက်မီ အချိန်ကတည်းက ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် စိုက်ပျိုးခဲ့သည့် မိုးစပါးများတွင် ပေါ်ဆန်းမွှေး၊ သီးထပ်ရင်၊ ရက် ၉၀၊ GW- 11၊ GW-1၊ ပခမ်း၊ ဧရာမင်း၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နံ့ကား၊ မြီးတုံး စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မင်းဘူးမြို့နယ် ကံကုလားကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းနေမှု စစ်ဆေး



**မင်းဘူး ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေ ပိုလျှံရန်ပုံငွေဖြင့် ကံကုလားကျေးရွာအုပ်စု ကံကုလားကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမိုးထိုက်၊ မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာ (မြို့ပြ) ဒေါ်ရွှေစင်ဦးနှင့် တာဝန်ရှိသူများက ကံကုလားကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဦးဝင်းမိုးထိုက်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ကံကုလားကျေးရွာ၌ အရှည်သုံးဖာလုံ၊ အကျယ် ၁၄ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထွေထွေပိုလျှံ ရန်ပုံငွေကျပ် ၁၅၉ သိန်း အသုံးပြုကာ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ၂၀၂၅ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**နော်လူး**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၃၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မင်းကင်း ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၈၃၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၆၃၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၃၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နေကြာဧက ၁၆၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။



မင်းကင်းမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ခြင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ကော့ဖမွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၇**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ဖမွတ်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကော့ဖမွတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

**ကိုသက်**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီကာရာဂွာသမ္မတနိုင်ငံ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စ ရိုဆာရီယို မူရီလိုတို့ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နီကာရာဂွာသမ္မတနိုင်ငံအစိုးရကိုယ်စား နီကာရာဂွာပြည်သူများနှင့် မိမိမှ အဆွေတော်နှင့် မြန်မာပြည်သူများကိုဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နီကာရာဂွာအစိုးရအနေဖြင့် မြန်မာပြည်သူများ ခေတ်အဆက်ဆက်ထိန်းသိမ်းခဲ့သည့် အမျိုးသားရေးစရိုက်လက္ခဏာများကိုခိုင်မာစေသည့် ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝမှု၊ ဘာသာတရားကိုင်းရှိုင်းမှုနှင့် ညီရင်းအစ်ကိုစိတ်ဓာတ်တို့အပေါ် အလေးအနက်အသိအမှတ်ပြုတန်ဖိုးထားပါသည်။

မိမိတို့အနေဖြင့် ယခုကဲ့သို့သောအခါသမယတွင် သာယာလှပသော မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် မြန်မာပြည်သူများအားလုံး အပြန်အလှန်နားလည်မှုနှင့် ကောင်းကျိုးချမ်းသာများဖြင့် အနာဂတ်လမ်းခရီးကိုလျှောက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်လေးစားမှုတို့ကို ခိုင်မာလာစေရေး ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။

ချစ်ခင်လေးစားရပါသော ညီအစ်ကိုရင်းချာ ယာယီသမ္မတကြီးခင်ဗျာ မြန်မာပြည်သူများအတွက် ပေးပို့သော နီကာရာဂွာပြည်သူများ၏ ချစ်ခင်ရင်းနှီးမှုကို လက်ခံပေးပါရန် ပြောကြားလိုပါသည်။

## ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်တွင် နေပြည်တော်၌ ကျင်းပသွားမည်

နေပြည်တော် ဇန်နဝါရီ ၇

၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးစီးကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆုရွေးချယ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်တို့က အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ဇာတ်ကားများထဲမှ ရွေးချယ်ထားသော ဆန်ခါတင်ဇာတ်ကားများကို ဆုရွေးချယ်ရေးဆပ်ကော်မတီက အသေးစိတ် ကြည့်ရှုစစ်ဆေးနေပြီဖြစ်ပါကြောင်း၊ အခမ်းအနားပြင်ဆင်ရေးအတွက် Forever Group Company Limited နှင့် ပေါင်းစပ်ပြီး ယခင်နှစ်များထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ခမ်းခမ်းနားနား အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ အနေဖြင့် ဆုချီးမြှင့်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ လိုအပ်သည်များကို ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အခမ်းအနားအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဦးစီးကော်မတီအဖွဲ့ဝင်များနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများက ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မန္တလေးမြို့ နန်းမြို့အတွင်းရှိ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၇

မန္တလေးမြို့ နန်းမြို့အတွင်းရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိကျောင်းခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ကျောင်းသူများက “ကြို့ဆိုပါသည် ပညာရေးစုံညီ” သီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အရာရှိက ကျောင်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင်သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၊ ကျောင်းတက်မှန်ဆု၊ ကျောင်းလုပ်ငန်းစွမ်းဆောင်ရည် ဂုဏ်ပြုဆုနှင့် အခြားဆုအသီးသီးရရှိကြသော ဆရာ၊ဆရာမများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ကပြဖျော်ဖြေသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။




## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သောယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကိုရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် နွေစပါးစိုက်သမဝါယမအသင်းသားတောင်သူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တွေ့ဆုံအားပေး

နေပြည်တော် ဇန်နဝါရီ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာသို့သွားရောက်၍ အသင်းသားဦးရေ ၁၂၀၊ စိုက်ပျိုးမြေဧက ၅၁၀ ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် နွေစပါးစိုက်ပျိုးမည့် ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား တောင်သူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သက်တံရောင်သမဝါယမစီမံကိန်းရန်ပုံငွေတို့ဖြင့် အထွက်တိုးမျိုးနှင့် သွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ပံ့ပိုးပေးခဲ့ပြီး ထွက်ရှိလာသော စပါးများကို အသင်းပိုင်ဆန်စက်မှ ပြန်လည်ဝယ်ယူ ကြိတ်ခွဲပေးခဲ့ပါကြောင်း၊ အသင်းသားတောင်သူများကလည်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်တိုးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်လိုအပ်ပြီး အသင်းက စီစဉ်ပေးမည်ဖြစ်ကြောင်း။

မြေယာပြုပြင်ရာတွင်လည်း ဓာတ်မြေဩဇာကို သက်သာသောဈေးနှုန်းရရှိအောင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်၍ သဘာဝမြေဩဇာများ ရောနှောပေါင်းစပ်အသုံးပြုကြရေး၊ ဆည်ရေသောက်စနစ်ဖြစ်သည့်အတွက် ရေကိုအကျိုးရှိစွာအသုံးချရေး၊ စိုက်ပျိုးရေးဦးစီးဌာနကပို့ချသော စိုက်နည်းစနစ်များအတိုင်း စနစ်တကျစိုက်ပျိုးကြရေး၊ နိုင်ငံတော်ထံမှ ချေးယူထားသည့် ချေးငွေများအပြေအကျေ ပြန်လည်ပေးဆပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဒေသခံပြည်သူများနှင့် အသင်းသား တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့ထိ စပါးတင်းပေါင်း ၅၀၀၁၃၁ တင်း၊ ဆန်ထုတ်လုပ်မှုနှင့် ရိက္ခာဆန်ပေးသွင်းမှုအနေဖြင့် ၂၄ ပြည်ဆန်အိတ်ပေါင်း ၁၈၆၀၅၀ ဝယ်ယူကြိတ်ခွဲထုတ်လုပ်ခဲ့သော ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းပိုင် ဆန်စက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများပြုလုပ်၊ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၇

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတေဇခန်းမ၌ လည်းကောင်း၊ မိုင်းကိုင်မြို့နယ်၊ လဲချားမြို့နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမအသီးသီး၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌လည်းကောင်းပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်း မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ မြို့နယ်ခန်းမ အမှတ်(၁)ရပ်ကွက်ရှိမဲရုံ၊ အမှတ်(၂)ရပ်ကွက်ရှိ ရှမ်းစာပေယဉ်ကျေးမှုခန်းမ မဲရုံနှင့် "ဝ" ယဉ်ကျေးမှုခန်းမရှိမဲရုံတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့မြို့နယ်ခန်းမ၊ မိုင်းကိုင်မြို့နယ်၊ လဲချားမြို့နယ်တို့အတွင်းရှိ မဲရုံနေရာများကိုလည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၊ မြို့မ(၃)ရပ်ကွက်ရှိ ရွေးကောက်ပွဲကော်မရှင်ရုံးကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများကသွားရောက်၍ မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှု၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကြိုတင်မဲပေးမှုလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရာသီဥတုဒဏ်ကြောင့် သီးနှံအထွက်နှုန်းထိခိုက်မှုကြောင့် တောင်သူအပေါ် ထိခိုက်မှုလျှော့ချရန် သီးနှံအာမခံစနစ် ပေါ်ပေါက်စေရေး ခေါင်းစဉ်ဖြင့် ၅၁ ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၅၁ ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို ရာသီဥတုဒဏ်ကြောင့် သီးနှံအထွက်နှုန်း ထိခိုက်မှုကြောင့် တောင်သူအပေါ် ထိခိုက်မှုလျှော့ချရန် သီးနှံအာမခံစနစ် ပေါ်ပေါက်စေရေး ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က သီးနှံအာမခံစနစ်ဆိုသည်မှာ တောင်သူများအတွက်သာမက စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံ့စီးပွား တည်ငြိမ်ရေးအတွက်ပါ မဖြစ်မနေဖော်ဆောင်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ရိတ်သိမ်းခါနီးအချိန်တွင် မမျှော်လင့်ထားသည့် သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် သီးနှံများ ပျက်စီးသွားပါက တောင်သူများ ရင်းနှီးမြှုပ်နှံထားသည့် အရင်းအနှီးများ ဆုံးရှုံးစေရုံသာမက တောင်သူတစ်ဦးချင်းစီ၏ မိသားစုဘဝကို ထိခိုက်စေပြီး နိုင်ငံတော်၏စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက် (Value Chain) တစ်ခုလုံးကိုပါ ထိခိုက်စေပါကြောင်း၊ ရာသီဥတုပြောင်းလဲဖြစ်စဉ်များကြောင့် သီးနှံအထွက်နှုန်းနှင့် တောင်သူအပေါ် ထိခိုက်မှုလျှော့ချနိုင်ရေးကို ထိရောက်စွာ ဖြေရှင်းနိုင်စေရန် တောင်သူများအတွက် နိုင်ငံတကာ အသိအမှတ်ပြုသည့် "သီးနှံအာမခံစနစ်" ကို ထားရှိစေခြင်းဖြစ်ပါကြောင်း။

သီးနှံအာမခံစနစ်ကို "ကြိုတင်ကာကွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှု" အဖြစ် စနစ်တကျ အကောင်အထည်ဖော်သွားကြရန်နှင့် သဘာဝဘေးကြောင့် သီးနှံပျက်စီးသည့်အခါ တောင်သူများအနေဖြင့် ထိုက်သင့်သည့် လျော်ကြေးငွေကို ပြန်လည်ရရှိစေပြီး နောက်တစ်ရာသီအတွက် ပြန်လည်စိုက်ပျိုးနိုင်ရန် အရင်းအနှီးရရှိစေမည်ဖြစ်ပါကြောင်း၊ သီးနှံအာမခံစနစ်ကို အကောင်အထည်ဖော်ရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပြီး အစိုးရအနေဖြင့် လိုအပ်သည့် မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲခြင်းနှင့် အာမခံပရီမီယံကြေး သတ်မှတ်ပေးနိုင်ရေးကိုလည်း စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှ ပညာရှင်များက သီးနှံများ၏ အထွက်နှုန်းကွာဟချက် (Yield Gap) အပေါ် ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ၏ သက်ရောက်မှုများ၊ သီးနှံအာမခံစနစ်နှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာနက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ရာသီဥတုဒဏ်ကြောင့် သီးနှံအထွက်နှုန်း ထိခိုက်မှုကြောင့် တောင်သူများအပေါ် ထိခိုက်မှုလျှော့ချရန် လိုက်လျောညီထွေဖြစ်စေသော အလေ့အကျင့်များ၊ သီးနှံအာမခံစနစ် အမျိုးအစားများ၊ သီးနှံအာမခံထားရာတွင် ပါဝင်သင့်သည့် အချက်များနှင့် သတိပြုရမည့်အချက်များ၊ ရာသီဥတုပြောင်းလဲမှုကြောင့် တောင်သူများ၏ ထိခိုက်မှုလျှော့ချရန် ကိုင်တွယ်ဖြေရှင်းခြင်း နည်းဗျူဟာများ(Copping Strategies)၊ သုတေသနရလဒ်များအရ သီးနှံအာမခံစနစ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်းရှိ တောင်သူများ၏ သိမြင်မှုနှင့် သဘောထားများ၊ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် သီးနှံများကို တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့်အခါ သီးနှံအာမခံစနစ်၏ အရေးပါမှုများ၊ မြန်မာနိုင်ငံအတွင်းရှိ တောင်သူများ သီးနှံအာမခံစနစ်ကျင့်သုံးမည်ဆိုပါက ရရှိမည့်အကျိုးကျေးဇူးများ၊ ကြုံတွေ့နိုင်သော အခက်အခဲ၊ စိန်ခေါ်မှုနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးကြပြီး စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်လာကြသူများ၊ အွန်လိုင်းဖြင့် ပါဝင်တက်ရောက်သည့် နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း၊ အကြံပြုသုံးသပ်တင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❑ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ**

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ၁ - ၁ - ၂၀၂၆ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**သန်းသန်းဆွေ**

**ဥက္ကဋ္ဌ**

---

**❍ မုန်တိုင်းငယ်မှ**

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကာ အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းသို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

---

**❖ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ**

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၂၆ မိနစ်တွင် ပြည့်ဖြိုးဇော်က ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရတနာပုံအက်ဖ်စီအသင်း၏ ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် တိုက်စစ်ဆင်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ၅၂ မိနစ်တွင် ကောင်းမြတ်ကျော်က ရတနာပုံအက်ဖ်စီအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၈၆ မိနစ်၊ ၉၄ မိနစ်တို့တွင် သန်းတိုးအောင်၊ ၈၉ မိနစ်တွင် မင်းထူးအိန်လင်းတို့က ဟံသာဝတီယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဟံသာဝတီယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက်အသင်း တိုက်စစ်ကစားသမား သန်းတိုးအောင်က ရရှိခဲ့ကြောင်း သိရသည်။ **STA**

---

# စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကို လှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)

အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်

၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)

အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား

ပုလဲငွေရောင်ရပ်ကွက်

မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**

စီမံရေးရာဌာနခွဲ

နေပြည်တော်ရုံးချုပ်

ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

**(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **မွန်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးဇေယျာဦး | ၁၀/သဖရ(နိုင်)၀၀၀၃၉၁ | ကျိုက်ထိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးအောင်ထွဋ် | ၆/ကသန(နိုင်)၀၀၃၅၂၃ | ကျိုက်မရောမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးအောင်ကြည်သိန်း | ၁၂/မရက(နိုင်)၀၁၈၁၅၀ | ချောင်းဆုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးတင်ဇော်ထွန်း | ၁၀/မလမ(နိုင်)၀၉၅၄၃၆ | မော်လမြိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဒေါ်လေးမိုးသူ | ၁၀/သထန(နိုင်)၀၈၆၃၈၃ | သထုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၆) | ဒေါ်သီသီမွန် | ၁၂/ကမရ(နိုင်)၀၅၀၀၄၂ | ကမာရွတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးသိန်းနိုင် | ၁၂/ကတတ(နိုင်)၀၀၁၉၆၂ | ကျောက်တံတားမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးဝင်းသက် | ၁၂/တကန(နိုင်)၁၀၁၀၆၇ | တိုက်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးနေဝင်း | ၁၂/တတန(နိုင်)၀၁၇၀၄၅ | တွံတေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးစိုးယု | ၁၂/ကမရ(နိုင်)၀၃၇၁၆၀ | ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးအောင်မိုးကျော် | ၁၃/ရစန(နိုင်)၀၀၄၈၃၅ | ဗိုလ်တထောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးမင်းသိန်းထွန်း | ၈/ရစက(နိုင်)၀၉၅၃၃၈ | မရမ်းကုန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးမျိုးမင်းနိုင် | ၁၂/မဂဒ(နိုင်)၁၀၄၆၆၅ | မင်္ဂလာဒုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးကြည်မြင့် | ၁၂/မဘန(နိုင်)၀၁၇၁၈၆ | မှော်ဘီမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးနိုင်ဝင်း | ၁၂/မဂတ(နိုင်)၀၀၀၁၁၇ | သင်္ဃန်းကျွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးရန်မျိုးအောင် | ၁၄/ဖပန(နိုင်)၁၄၀၉၂၈ | သန်လျင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဒေါ်ဇင်ဇင်မျိုးထွန်း | ၁၂/ကမတ(နိုင်)၀၆၄၅၉၅ | အလုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၈) | ဦးအာကာလင်း | ၁၃/လရန(နိုင်)၁၂၃၇၈၀ | ပင်းတယမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ခွန်ညိုမောင် | ၁၃/ဆဆန(နိုင်)၀၅၅၄၁၇ | ဟိုပုံးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးကျော်အောင်သန်း | ၁၃/နခတ(နိုင်)၀၀၃၄၀၅ | နောင်ချိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | စိုင်းဟွမ်နွံ့ | ၁၃/ကတန(နိုင်)၀၀၆၀၀၆ | ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | စိုင်းအွန်ခမ်း | ၁၃/တခလ(နိုင်)၀၄၁၃၃၄ | တာချီလိတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ခွန်ကြည် | ၁၃/တကန(နိုင်)၂၀၉၃၈၅ | တောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးလင်းအောင်ဆွေ | ၁၂/ဒဂန(နိုင်)၀၁၆၁၉၆ | နမ့်စန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးနော်တောင် | ၁၃/မဆတ(နိုင်)၀၃၃၈၈၄ | မူဆယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | စိုင်းခတ္တိယ | ၁၃/မဆန(နိုင်)၀၁၂၃၅၁ | မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဒေါက်တာလဆိုင်း | ၁၃/လရန(နိုင်)၀၀၇၁၄၂ | လားရှိုးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | စိုင်းကျော်ဌေး | ၁၃/လခတ(နိုင်)၀၀၁၃၅၂ | လင်းခေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ခွန်သက်နိုင် | ၁၃/လလန(နိုင်)၀၇၀၀၄၃ | လွိုင်လင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၃၀) | ဦးမြင့်ကြိုင် | ၁၄/ကပန(နိုင်)၀၀၅၄၂၇ | ကျုံပျော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးအေးကျော် | ၇/တငန(နိုင်)၁၁၆၀၀၁ | ပုသိမ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးစောသောင်းဒန် | ၁၄/မအပ(နိုင်)၀၃၉၉၉၇ | မအူပင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးစိုးနိုင် | ၁၄/မမန(နိုင်)၁၁၀၄၈၄ | မြောင်းမြမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးစိုးပိုင် | ၁၄/ကခန(နိုင်)၀၂၃၆၉၃ | ကြံခင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၅) | ဦးမျိုးမင်းသန်း | ၁၄/မအန(နိုင်)၁၄၈၅၀၀ | မြန်အောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးစန်းမင်း | ၁၄/လပတ(နိုင်)၀၁၁၀၀၁ | လပွတ္တာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးအေးဟန် | ၁၄/ဟသတ(နိုင်)၀၉၄၇၂၇ | ဟင်္သာတမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

( ပုံ ) သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၁) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | မွန်ပြည်နယ် | | | | | | |
| ၁ | ကျိုက်ထို | | | ၂၀၉၇၀ | ၂၃၇၈ | ၂၃၃၄၈ | |
| | | ဦးဇေယျာဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၇၀၉ | ၁၉၁၆ | ၉၆၂၅ | ၄၁.၂၂% |
| | | ဦးရဲခန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၉၄၄ | ၁၈၀ | ၄၁၂၄ | ၁၇.၆၆% |
| | | ဒေါ်တင်တင်နွယ် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၄၅၇ | ၅၇ | ၃၅၁၄ | ၁၅.၀၅% |
| | | ဦးကျော်ဝင်းထွန်း | မွန်ညီညွတ်ရေးပါတီ | ၂၆၇၁ | ၉၃ | ၂၇၆၄ | ၁၁.၈၄% |
| | | ဦးဝင်းကြည်(ခ)မင်းကြည် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၃၉ | ၆၈ | ၁၉၀၇ | ၈.၁၇% |
| | | ဒေါ်သွယ်သွယ်ဦး | ပြည်သူ့ပါတီ | ၁၃၅၀ | ၆၄ | ၁၄၁၄ | ၆.၀၆% |
| ၂ | ကျိုက်မရော | | | ၁၆၄၀၉ | ၄၆၆၃ | ၂၁၀၇၂ | |
| | | ဦးအောင်ထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၈၀၀ | ၄၂၀၄ | ၁၀၀၀၄ | ၄၇.၄၇% |
| | | ဒေါက်တာနိုင်လှအောင် | မွန်ညီညွတ်ရေးပါတီ | ၄၆၆၉ | ၂၂၃ | ၄၈၉၂ | ၂၃.၂၂% |
| | | ဦးအောင်ဇော်စိုး | ပြည်သူ့ပါတီ | ၂၀၆၉ | ၆၅ | ၂၁၃၄ | ၁၀.၁၃% |
| | | ဒေါ်ကြူကြူမွေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၁၈၃၈ | ၅၇ | ၁၈၉၅ | ၈.၉၉% |
| | | ဦးဘိုးပိန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၃၆ | ၆၇ | ၁၃၀၃ | ၆.၁၈% |
| | | ဦးအောင်တင်ထူး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၇ | ၄၇ | ၈၄၄ | ၄.၀၁% |
| ၃ | ချောင်းဆုံ | | | ၄၈၆၃၈ | ၂၉၇၉ | ၅၁၆၁၇ | |
| | | ဦးအောင်ကြည်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၉၆၁ | ၂၁၇၀ | ၂၁၁၃၁ | ၄၀.၉၄% |
| | | ဦးနိုင်ထွန်းဦး | မွန်ညီညွတ်ရေးပါတီ | ၂၀၀၃၂ | ၅၈၃ | ၂၀၆၁၅ | ၃၉.၉၄% |
| | | ဒေါ်စီစီမာ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၇၉၂ | ၉၀ | ၃၈၈၂ | ၇.၅၂% |
| | | ဦးကျော်သိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၅၈၃ | ၈၄ | ၃၆၆၇ | ၇.၁၀% |
| | | ဦးခန့်ကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၂၇၀ | ၅၂ | ၂၃၂၂ | ၄.၅၀% |
| ၄ | မော်လမြိုင် | | | ၈၅၃၉၅ | ၅၃၇၅ | ၉၀၇၇၀ | |
| | | ဦးတင်ဇော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၄၇၉ | ၃၉၉၇ | ၃၂၄၇၆ | ၃၅.၇၈% |
| | | ဦးနေလင်းကျော် | မွန်ညီညွတ်ရေးပါတီ | ၂၆၀၇၅ | ၅၃၃ | ၂၆၆၀၈ | ၂၉.၃၁% |
| | | ဦးသန်းအောင် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၈၂၃၃ | ၁၇၁ | ၈၄၀၄ | ၉.၂၆% |
| | | ဦးမျိုးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၁၀၄ | ၂၁၇ | ၆၃၂၁ | ၆.၉၆% |
| | | ဦးအောင်ထွန်းမြင့် | ပြည်သူ့ပါတီ | ၄၇၄၉ | ၁၄၃ | ၄၈၉၂ | ၅.၃၉% |
| | | ဦးဟိန်းလင်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၂၆ | ၁၄၅ | ၄၆၇၁ | ၅.၁၅% |
| | | ခွန်ကျော်ဆန်း | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၈၆၉ | ၁၁၉ | ၃၉၈၈ | ၄.၃၉% |
| | | ဦးဇော်မျိုးလတ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၃၆၀ | ၅၀ | ၃၄၁၀ | ၃.၇၆% |
| ၅ | သထုံ | | | ၄၁၆၀၉ | ၄၂၄၇ | ၄၅၈၅၆ | |
| | | ဒေါ်လေးမိုးသူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၀၅၉ | ၃၃၂၅ | ၁၆၃၈၄ | ၃၅.၇၃% |
| | | ခွန်သက်မောင်မောင် | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၆၆၄ | ၂၁၁ | ၇၈၇၅ | ၁၇.၁၇% |
| | | ဒေါ်စုမြတ်သွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၄၅၁ | ၁၉၃ | ၆၆၄၄ | ၁၄.၄၉% |
| | | ဦးဝင်းဇော်ဦး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၅၈၃၀ | ၂၇၅ | ၆၁၀၅ | ၁၃.၃၁% |
| | | ဦးဟန်ဝင်းအောင် | မွန်ညီညွတ်ရေးပါတီ | ၃၄၄၄ | ၁၁၅ | ၃၅၅၉ | ၇.၇၆% |
| | | ဦးယဉ်ဝင်းနိုင် | ပြည်သူ့ပါတီ | ၂၈၅၁ | ၆၂ | ၂၉၁၃ | ၆.၃၅% |
| | | ဦးဝင်းမင်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၃၁၀ | ၆၆ | ၂၃၇၆ | ၅.၁၉% |
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၆ | ကမာရွတ် | | | ၁၂၈၄၅ | ၉၀၉ | ၁၃၇၅၄ | |
| | | ဒေါ်သီသီမွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၄၁ | ၆၂၉ | ၅၀၇၀ | ၃၆.၈၆% |
| | | ဦးမြင့်သူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၄၂၀ | ၆၆ | ၂၄၈၆ | ၁၈.၀၇% |
| | | ဦးထင်လင်းအောင် | ပြည်သူ့ပါတီ | ၁၈၁၆ | ၅၈ | ၁၈၇၄ | ၁၃.၆၃% |
| | | ဒေါ်အေးစန္ဒာမြင့် | တစ်သီးပုဂ္ဂလ | ၁၆၀၄ | ၆၃ | ၁၆၆၇ | ၁၂.၁၂% |
| | | ဦးသူထက်ကျော်လွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၆၀ | ၆၂ | ၁၆၂၂ | ၁၁.၇၉% |
| | | ဒေါ်စောစန္ဒာမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၀၄ | ၃၁ | ၁၀၃၅ | ၇.၅၃% |
| ၇ | ကျောက်တံတား | | | ၆၄၀၈ | ၇၃၈ | ၇၁၄၆ | |
| | | ဦးသိန်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၀၂ | ၅၈၃ | ၃၅၈၅ | ၅၀.၁၇% |
| | | ဦးကိုကိုနိုင် | ပြည်သူ့ပါတီ | ၁၀၇၈ | ၅၂ | ၁၁၃၀ | ၁၅.၈၁% |
| | | ဦးတင်ဇာလီဝင်းထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၈၉ | ၂၉ | ၇၁၈ | ၁၀.၀၅% |
| | | ဦးမြသိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၈၆ | ၃၀ | ၆၁၆ | ၈.၆၂% |
| | | ဦးချစ်သက်ပိုင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၅၂ | ၂၄ | ၅၇၆ | ၈.၀၆% |
| | | ဦးမြင့်ဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၀၁ | ၂၀ | ၅၂၁ | ၇.၂၉% |
| ၈ | တိုက်ကြီး | | | ၁၁၆၄၀၇ | ၁၆၇၂၀ | ၁၃၃၁၂၇ | |
| | | ဦးဝင်းသက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၈၉၁၉ | ၁၁၉၅၀ | ၅၀၈၆၉ | ၃၈.၂၁% |
| | | ဒေါ်အေးအေးပို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၃၁၃ | ၁၄၁၂ | ၁၉၇၃၄ | ၁၄.၈၂% |
| | | ဦးကျော်ကျော်လင်း | ပြည်သူ့ပါတီ | ၁၃၂၆၄ | ၇၅၇ | ၁၄၀၂၁ | ၁၀.၅၃% |
| | | ဦးမင်းနိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၉၈၃ | ၅၁၄ | ၁၁၄၉၇ | ၈.၆၄% |
| | | ဦးမျိုးဇော်ထွေး | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၈၈၉ | ၅၂၃ | ၉၄၁၂ | ၇.၀၇% |
| | | ဦးနေဇာလင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၈၄၂ | ၆၂၈ | ၈၄၇၀ | ၆.၃၆% |
| | | ဦးမှုန်းတင်အောင်နိုင်လင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၃၇ | ၄၀၂ | ၇၆၃၉ | ၅.၇၄% |
| | | ဒေါ်ခင်စန်းဝင်း | ဒီမိုကရက်တစ်ပါတီ | ၅၈၆၆ | ၂၂၄ | ၆၀၉၀ | ၄.၅၈% |
| | | ဒေါ်နွေဦးမွန် | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | ၅၀၉၄ | ၃၀၁ | ၅၃၉၅ | ၄.၀၅% |

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ | တွံတေး | | | ၁၀၈၈၀၂ | ၄၉၅၇ | ၁၁၃၇၅၉ | |
| | | ဦးနေဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၂၃၇ | ၃၄၁၉ | ၄၅၆၅၆ | ၄၀.၁၃% |
| | | ဦးဗညားဆွေထွန်း | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၇၈၁၀ | ၅၆၂ | ၂၈၃၇၂ | ၂၄.၉၄% |
| | | ဒေါ်တင်ထားဝေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၃၈၂ | ၃၁၉ | ၉၇၀၁ | ၈.၅၃% |
| | | ဦးဇော်မင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၁၉ | ၃၀၉ | ၉၆၂၈ | ၈.၄၆% |
| | | ဒေါ်မျိုးပပအောင် | ပြည်သူ့ပါတီ | ၈၀၉၂ | ၁၁၇ | ၈၂၀၉ | ၇.၂၂% |
| | | ဦးမျိုးကိုကို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၁၃၄ | ၉၅ | ၇၂၂၉ | ၆.၃၆% |
| | | ဦးဝင်းဇော် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၈၂၈ | ၁၃၆ | ၄၉၆၄ | ၄.၃၆% |
| ၁၀ | ဒဂုံမြို့သစ်(တောင်ပိုင်း) | | | ၈၁၇၁၄ | ၂၃၃၅ | ၈၄၀၄၉ | |
| | | ဦးစိုးယု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၄၈၆ | ၁၇၂၃ | ၃၀၂၀၉ | ၃၅.၉၄% |
| | | ဒေါ်နွယ်နီကျော် | ပြည်သူ့ပါတီ | ၁၂၄၈၃ | ၁၁၃ | ၁၂၅၉၆ | ၁၄.၉၉% |
| | | ဦးကျော်ရဲပိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၁၃၅ | ၁၆၃ | ၁၁၂၉၈ | ၁၃.၄၄% |
| | | ဦးနေဇော်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၀၃၀ | ၁၂၈ | ၁၁၁၅၈ | ၁၃.၂၈% |
| | | ဦးသန့်ဇော်မိုး | တစ်သီးပုဂ္ဂလ | ၇၆၇၁ | ၁၂၂ | ၇၇၉၃ | ၉.၂၇% |
| | | ဦးချမ်းဝင်းဟန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၆၀ | ၆၇ | ၅၆၂၇ | ၆.၆၉% |
| | | ဦးနေလင်းထွဋ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၃၄၉ | ၁၉ | ၅၃၆၈ | ၆.၃၉% |
| ၁၁ | ဗိုလ်တထောင် | | | ၁၂၀၄၄ | ၃၀၁၃ | ၁၅၀၅၇ | |
| | | ဦးအောင်မိုးကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၅၈၁ | ၂၈၆၃ | ၈၄၄၄ | ၅၆.၀၈% |
| | | ဒေါ်ခင်မျိုးထက် | ပြည်သူ့ပါတီ | ၂၅၂၂ | ၅၈ | ၂၅၈၀ | ၁၇.၁၄% |
| | | ဒေါ်သင်းသင်းမျိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၀၆၆ | ၄၄ | ၂၁၁၀ | ၁၄.၀၁% |
| | | ဦးနန်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၇၅ | ၄၈ | ၁၉၂၃ | ၁၂.၇၇% |
| ၁၂ | မရမ်းကုန်း | | | ၄၀၀၇၀ | ၂၉၈၁ | ၄၃၀၅၁ | |
| | | ဦးမင်းသိန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၅၈၅ | ၂၄၅၃ | ၁၉၀၃၈ | ၄၄.၂၂% |
| | | ဒေါ်ဝါဝါလွင် | ပြည်သူ့ပါတီ | ၅၈၅၇ | ၁၀၀ | ၅၉၅၇ | ၁၃.၈၄% |
| | | ဒေါ်နီနီစော | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၄၆၂ | ၁၅၉ | ၅၆၂၁ | ၁၃.၀၆% |
| | | ဒေါ်လှသိန်းဌေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၂၁ | ၁၂၁ | ၅၁၄၂ | ၁၁.၉၄% |
| | | ဒေါ်သဥ္ဇာသိမ့်သိမ့်လှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၁၃၆ | ၉၆ | ၄၂၃၂ | ၉.၈၃% |
| | | ဒေါ်မီမီစိုးမင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၀၉ | ၅၂ | ၃၀၆၁ | ၇.၁၁% |
| ၁၃ | မင်္ဂလာဒုံ | | | ၉၂၉၃၆ | ၁၁၆၈၃ | ၁၀၄၆၁၉ | |
| | | ဦးမျိုးမင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၅၉၈ | ၁၀၀၉၅ | ၅၂၆၉၃ | ၅၀.၃၇% |
| | | ဒေါ်ကျော့အိအိဇင် | ပြည်သူ့ပါတီ | ၁၂၄၁၃ | ၃၁၀ | ၁၂၇၂၃ | ၁၂.၁၆% |
| | | ဦးပြည့်ဖြိုးအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၆၅၀ | ၃၈၄ | ၁၁၀၃၄ | ၁၀.၅၅% |
| | | ဦးစိုးဝင်းအေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၀၄၃ | ၃၆၆ | ၁၀၄၀၉ | ၉.၉၅% |
| | | ဦးညီညီထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၄၆၄ | ၂၀၆ | ၆၆၇၀ | ၆.၃၇% |
| | | ဦးဇော်ဇော်ထက် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၀၇ | ၁၄၂ | ၅၇၄၉ | ၅.၄၉% |
| | | ဒေါ်မြတ်ဆုမွန် | တစ်သီးပုဂ္ဂလ | ၅၁၆၁ | ၁၈၀ | ၅၃၄၁ | ၅.၁၁% |
| ၁၄ | မှော်ဘီ | | | ၁၀၃၈၁၁ | ၁၃၁၀၅ | ၁၁၆၉၁၆ | |
| | | ဦးကြည်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၇၈၂၇ | ၁၁၀၄၀ | ၅၈၈၆၇ | ၅၀.၃၅% |
| | | ဦးဝင်းတင် | ပြည်သူ့ပါတီ | ၁၂၃၈၀ | ၃၇၆ | ၁၂၇၅၆ | ၁၀.၉၁% |
| | | ဒေါ်စောယုနန္ဒာ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၀၇၈ | ၅၇၇ | ၁၁၆၅၅ | ၉.၉၇% |
| | | ဒေါ်ယဉ်ယဉ်အေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၂၃ | ၄၉၆ | ၁၀၀၁၉ | ၈.၅၇% |
| | | ဒေါ်ခင်ခင်လှိုင် | ဒီမိုကရက်တစ်ပါတီ | ၆၅၁၃ | ၁၅၇ | ၆၆၇၀ | ၅.၇၀% |
| | | ဒေါ်အေးအေးသွယ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၃၄ | ၁၂၉ | ၅၇၆၃ | ၄.၉၃% |
| | | ဦးလှိုင်ဘွား | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၅၁ | ၁၂၉ | ၄၀၈၀ | ၃.၄၉% |
| | | ဦးသန်းအုန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၅၃ | ၁၂၅ | ၄၀၇၈ | ၃.၄၉% |
| | | ဒေါ်သဥ္ဇာထွေး | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | ၂၉၅၂ | ၇၆ | ၃၀၂၈ | ၂.၅၉% |
| ၁၅ | သဃ်န်းကျွန်း | | | ၄၄၆၃၆ | ၂၀၃၈ | ၄၆၆၇၄ | |
| | | ဦးနိုင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၅၉၁ | ၁၂၁၉ | ၁၅၈၁၀ | ၃၃.၈၇% |
| | | ဦးစိုးထက်ဝင်း | ပြည်သူ့ပါတီ | ၆၉၄၉ | ၁၆၉ | ၇၁၁၈ | ၁၅.၂၅% |
| | | ဦးတင်ကိုကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၂၀၆ | ၁၇၉ | ၅၃၈၅ | ၁၁.၅၃% |
| | | ဦးပြည့်ဖြိုးပိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၃၉ | ၁၅၀ | ၄၆၈၉ | ၁၀.၀၅% |
| | | ဦးအောင်ကိုကိုဖုန်း | တစ်သီးပုဂ္ဂလ | ၄၁၀၈ | ၇၄ | ၄၁၈၂ | ၈.၉၆% |
| | | ဒေါ်မြင့်မြင့်မေ | တစ်သီးပုဂ္ဂလ | ၃၄၄၉ | ၉၇ | ၃၅၄၆ | ၇.၆၀% |
| | | ဒေါ်ခိုင်စပါယ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၉၄၂ | ၇၂ | ၃၀၁၄ | ၆.၄၆% |
| | | ဦးသန့်ဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၅၂ | ၇၈ | ၂၉၃၀ | ၆.၂၈% |
| ၁၆ | သန်လျင် | | | ၁၀၅၁၁၆ | ၉၆၂၀ | ၁၁၄၇၃၆ | |
| | | ဦးရန်မျိုးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၅၁၆၈ | ၇၈၂၀ | ၅၂၉၈၈ | ၄၆.၁၈% |
| | | ဦးမြင့်သန်း | ပြည်သူ့ပါတီ | ၁၇၅၁၇ | ၄၄၉ | ၁၇၉၆၆ | ၁၅.၆၆% |
| | | ဦးဇာနည်တင့်ဝေ(ခ)ကောင်းမင်းခန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၂၉၈ | ၆၂၆ | ၁၇၉၂၄ | ၁၅.၆၂% |
| | | ဒေါ်ယုယုခိုင် | ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၃၈၀၂ | ၄၁၄ | ၁၄၂၁၆ | ၁၂.၃၉% |
| | | ဦးခင်ဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၃၃၁ | ၃၁၁ | ၁၁၆၄၂ | ၁၀.၁၅% |
| ၁၇ | အလုံ | | | ၈၉၈၁ | ၁၀၁၂ | ၉၉၉၃ | |
| | | ဒေါ်ဇင်ဇင်မျိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၃၅ | ၅၀၇ | ၃၃၄၂ | ၃၃.၄၄% |
| | | ဦးခင်မောင်ဝင်း | ပြည်သူ့ပါတီ | ၂၄၄၁ | ၁၆၄ | ၂၆၀၅ | ၂၆.၀၇% |
| | | ဒေါ်အေးစန္ဒာမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၀၁ | ၁၈၃ | ၂၃၈၄ | ၂၃.၈၆% |
| | | ဦးနန္ဒမျိုးအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၀၄ | ၁၅၈ | ၁၆၆၂ | ၁၆.၆၃% |

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | |
| ၁၈ | ပင်းတယ | | | ၄၄၁၆၀ | ၂၉၈၅ | ၄၇၁၄၅ | |
| | | ဦးအာကာလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၀၄၂ | ၁၉၅၂ | ၂၂၉၉၄ | ၄၈.၇၇% |
| | | ဦးစိန်ဝင်း(ခ)ဦးမျိုးသိန်း | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၇၆၅၈ | ၈၄၁ | ၁၈၄၉၉ | ၃၉.၂၄% |
| | | ဦးကျော်ထွေး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၅၉၁ | ၁၀၇ | ၃၆၉၈ | ၇.၈၄% |
| | | ဦးဝင်းသော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၆၉ | ၈၅ | ၁၉၅၄ | ၄.၁၅% |
| ၁၉ | ဟိုပုံး | | | ၄၂၁၁၇ | ၄၂၉၆ | ၄၆၄၁၃ | |
| | | ခွန်ညိုမောင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၃၂၄၃ | ၁၄၈၃ | ၃၄၇၂၆ | ၇၄.၈၂% |
| | | ဦးမောင်မောင်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၇၆ | ၂၆၂၃ | ၈၈၉၉ | ၁၉.၁၇% |
| | | ဦးထွန်းမင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၉၈ | ၁၉၀ | ၂၇၈၈ | ၆.၀၁% |
| ၂၀ | နောင်ချို | | | ၄၃၂၀၉ | ၅၃၈၇ | ၄၈၅၉၆ | |
| | | ဦးကျော်အောင်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၂၉၇ | ၄၄၅၆ | ၂၅၇၅၃ | ၅၃.၀၀% |
| | | ဦးစည်သူဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၆၅၇ | ၅၀၀ | ၁၁၁၅၇ | ၂၂.၉၈% |
| | | ဦးထိန်လင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၅၄၁ | ၂၆၀ | ၇၈၀၁ | ၁၆.၀၅% |
| | | ဒေါ်စိုးသီရိဇာ | တစ်သီးပုဂ္ဂလ | ၃၇၁၄ | ၁၆၁ | ၃၈၇၅ | ၇.၉၇% |
| ၂၁ | ကျိုင်းတုံ | | | ၄၃၈၅၂ | ၉၉၂၄ | ၅၃၇၇၆ | |
| | | စိုင်းဟွမ်နွဲ့ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၉၀၇ | ၈၂၄၂ | ၃၃၁၄၉ | ၆၁.၆၄% |
| | | စိုင်းစိုးမိုးအေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၉၆၃ | ၆၈၁ | ၉၆၄၄ | ၁၇.၉၃% |
| | | ဒေါ်နာလူးဒီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၀၃ | ၃၉၅ | ၅၂၉၈ | ၉.၈၅% |
| | | ဦးအားဂျေ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၉၃ | ၃၂၅ | ၂၉၁၈ | ၅.၄၃% |
| | | ဦးဟင်နရီ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၈၆ | ၂၈၁ | ၂၇၆၇ | ၅.၁၅% |
| ၂၂ | တာချီလိတ် | | | ၅၄၉၉၅ | ၄၇၇၈ | ၅၉၇၇၃ | |
| | | စိုင်းအွန်ခမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၆၃ | ၃၆၅၀ | ၂၅၉၁၃ | ၄၃.၃၅% |
| | | ဦးစံဝင်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၄၈၅၈ | ၇၂၇ | ၂၅၅၈၅ | ၄၂.၈၁% |
| | | ဦးအားဂျူး | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၄၂ | ၂၂၅ | ၄၉၆၇ | ၈.၃၁% |
| | | ဒေါ်ဒီးလာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၃၂ | ၁၇၆ | ၃၃၀၈ | ၅.၅၃% |
| ၂၃ | တောင်ကြီး | | | ၁၇၁၃၇၇ | ၁၂၉၀၀ | ၁၈၄၂၇၇ | |
| | | ခွန်ကြည် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၇၅၆၀၁ | ၂၆၄၄ | ၇၈၂၄၅ | ၄၂.၄၆% |
| | | ဦးအောင်သူရရှင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၆၄၄ | ၇၅၄၁ | ၄၄၁၈၅ | ၂၃.၉၈% |
| | | ဒေါ်မိုးအိအိဖြူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၁၁၄ | ၅၅၇ | ၁၂၆၇၁ | ၆.၈၈% |
| | | ဒေါ်ခင်သက်နွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၉၂၃ | ၄၆၄ | ၁၁၃၈၇ | ၆.၁၈% |
| | | ဒေါ်ခင်သီတာထွန်း | ပြည်သူ့ပါတီ | ၈၈၆၉ | ၂၇၉ | ၉၁၄၈ | ၄.၉၆% |
| | | ဦးတင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၄၃၈ | ၃၉၂ | ၈၈၃၀ | ၄.၇၉% |
| | | ဦးမျိုးကျော် | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၆၈၇၆ | ၃၁၃ | ၇၁၈၉ | ၃.၉၀% |
| | | ဒေါ်တင်မမမောင် | တစ်သီးပုဂ္ဂလ | ၄၄၇၃ | ၂၄၄ | ၄၇၁၇ | ၂.၅၆% |
| | | ဦးအောင်ကြည်ဦး | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၄၁၁၉ | ၂၉၈ | ၄၄၁၇ | ၂.၄၀% |
| | | ဦးဝဏ္ဏဗိုလ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၃၂၀ | ၁၆၈ | ၃၄၈၈ | ၁.၈၉% |
| ၂၄ | နမ့်စန် | | | ၃၅၃၁၇ | ၅၁၉၀ | ၄၀၅၀၇ | |
| | | ဦးလင်းအောင်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၅၇၉ | ၄၆၃၃ | ၂၄၂၁၂ | ၅၉.၇၇% |
| | | ဒေါ်ပိုးနှင်းဖြူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၆၇၃ | ၃၉၄ | ၁၁၀၆၇ | ၂၇.၃၂% |
| | | နန်းဖြူဖြူမြင့် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၅၀၆၅ | ၁၆၃ | ၅၂၂၈ | ၁၂.၉၁% |
| ၂၅ | မူဆယ် | | | ၂၂၅၉၂ | ၁၉၈၆ | ၂၄၅၇၈ | |
| | | ဦးနော်တောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၈၈၁ | ၁၆၇၀ | ၁၂၅၅၁ | ၅၁.၀၇% |
| | | ဦးစိုင်းသန်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၇၁၁ | ၃၁၆ | ၁၂၀၂၇ | ၄၈.၉၃% |
| ၂၆ | မိုင်းဆတ် | | | ၃၃၇၃၆ | ၄၆၃၄ | ၃၈၃၇၀ | |
| | | စိုင်းခတ္တိယ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၂၇၀ | ၄၀၈၃ | ၂၉၃၅၃ | ၇၆.၅၀% |
| | | စိုင်းဖူးလူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅၉၃ | ၂၀၂ | ၃၇၉၅ | ၉.၉၀% |
| | | စိုင်းမိုင်းဟန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၁၃၃ | ၂၅၅ | ၃၃၈၈ | ၈.၈၃% |
| | | ဒေါ်လားလာ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၄၀ | ၉၄ | ၁၈၃၄ | ၄.၇၇% |
| ၂၇ | လားရှိုး | | | ၂၉၈၅၀ | ၅၇၁၃ | ၃၅၅၆၃ | |
| | | ဒေါက်တာလဆိုင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၀၉၁ | ၄၅၄၂ | ၂၀၆၃၃ | ၅၈.၀၂% |
| | | ဦးစိုင်းခွန်လူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၉၅၂ | ၇၅၈ | ၈၇၁၀ | ၂၄.၄၉% |
| | | ဒေါ်ခင်မျိုးကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၈၀၇ | ၄၁၃ | ၆၂၂၀ | ၁၇.၄၉% |
| ၂၈ | လင်းခေး | | | ၁၅၂၀၈ | ၃၁၆၇ | ၁၈၃၇၅ | |
| | | စိုင်းကျော်ငွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၀၃၉ | ၂၂၁၇ | ၉၂၅၆ | ၅၀.၃၇% |
| | | ဦးစိုင်းလှကျော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၁၆၉ | ၉၅၀ | ၉၁၁၉ | ၄၉.၆၃% |
| ၂၉ | လွိုင်လင် | | | ၃၂၂၉၉ | ၃၇၀၇ | ၃၆၀၀၆ | |
| | | ခွန်သက်နိုင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၇၀၆၆ | ၇၆၅ | ၁၇၈၃၁ | ၄၉.၅၂% |
| | | ဦးစိုင်းထွန်းဆိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၃၇၆ | ၆၅၉ | ၁၀၀၃၅ | ၂၇.၈၇% |
| | | နန်းစံညွန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၈၅၇ | ၂၂၈၃ | ၈၁၄၀ | ၂၂.၆၁% |
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၃၀ | ကျုံပျော် | | | ၁၀၂၄၂၁ | ၆၀၆၇ | ၁၀၈၄၈၈ | |
| | | ဦးမြင့်ကြိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၅၅၁ | ၃၅၈၄ | ၄၄၁၃၅ | ၄၀.၆၈% |
| | | စမင်းရွှေ | ကရင်ပြည်သူ့ပါတီ | ၂၀၈၇၉ | ၈၂၀ | ၂၁၆၉၉ | ၂၀.၀၀% |
| | | ဒေါ်ခင်သန်းဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၅၉၄ | ၅၆၆ | ၁၅၁၆၀ | ၁၃.၉၈% |
| | | ဦးခင်စန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၈၁၁ | ၃၆၇ | ၁၀၁၇၈ | ၉.၃၈% |
| | | ဦးအောင်မြင့်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၆၆၃ | ၄၂၀ | ၉၀၈၃ | ၈.၃၇% |
| | | ဒေါ်စုစုလှိုင် | ပြည်သူ့ပါတီ | ၇၉၂၃ | ၃၁၀ | ၈၂၃၃ | ၇.၅၉% |

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၁ | ပုသိမ် | | | ၁၃၂၅၇၆ | ၁၀၃၃၂ | ၁၄၂၉၀၈ | |
| | | ဦးအေးကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၂၄၈ | ၈၂၀၉ | ၇၀၄၅၇ | ၄၉.၃၀% |
| | | ဦးအောင်တေဇအေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၈၈၂၆ | ၆၇၄ | ၁၉၅၀၀ | ၁၃.၆၅% |
| | | ဦးမင်းဟိန်း(ခ)ဦးမင်းသက်နိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၀၉၉ | ၆၁၅ | ၁၈၇၁၄ | ၁၃.၀၉% |
| | | စောသိန်းခင် | ကရင်ပြည်သူ့ပါတီ | ၁၆၈၃၈ | ၅၄၀ | ၁၇၃၇၈ | ၁၂.၁၆% |
| | | ဦးဝင်းနိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၆၅၆၅ | ၂၉၄ | ၁၆၈၅၉ | ၁၁.၈၀% |
| ၃၂ | မအူပင် | | | ၁၃၉၃၈၁ | ၅၃၄၈ | ၁၄၄၇၂၉ | |
| | | ဦးစောသောင်းဒန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၁၅၈၀ | ၄၀၉၈ | ၇၅၆၇၈ | ၅၂.၂၉% |
| | | ဒေါ်ခင်မျိုးသက် | ပြည်သူ့ပါတီ | ၂၂၈၇၁ | ၃၈၉ | ၂၃၂၆၀ | ၁၆.၀၇% |
| | | ဦးမျိုးခိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၁၈၅ | ၂၈၁ | ၁၆၄၆၆ | ၁၁.၃၈% |
| | | နန့်ရှုပါသန်း | ကရင်ပြည်သူ့ပါတီ | ၇၆၀၈ | ၁၉၈ | ၇၈၀၆ | ၅.၃၉% |
| | | ဦးအောင်ကြည်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၁၆၁ | ၁၃၃ | ၇၂၉၄ | ၅.၀၄% |
| | | ဦးသက်ဆွေဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၉၇၃ | ၁၇၁ | ၇၁၄၄ | ၄.၉၄% |
| | | ဦးပြည့်ဖြိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၀၃ | ၇၈ | ၇၀၈၁ | ၄.၈၉% |
| ၃၃ | မြောင်းမြ | | | ၁၃၄၆၆၆ | ၄၇၁၈ | ၁၃၉၃၈၄ | |
| | | ဦးစိုးနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၃၃၃ | ၂၅၄၀ | ၅၄၈၇၃ | ၃၉.၃၇% |
| | | ဦးထွန်းထွန်းဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၁၄၉၇ | ၈၁၉ | ၃၂၃၁၆ | ၂၃.၁၈% |
| | | ဦးအောင်တင်ထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၁၂၀ | ၅၉၂ | ၁၈၇၁၂ | ၁၃.၄၃% |
| | | ဦးမိုးကျော်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၈၆၂ | ၃၉၇ | ၁၃၂၅၉ | ၉.၅၁% |
| | | ဦးစိုးအောင် | ပြည်သူ့ပါတီ | ၁၁၇၃၂ | ၂၄၄ | ၁၁၉၇၆ | ၈.၅၉% |
| | | ဒေါ်သင်းသင်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၁၂၂ | ၁၂၆ | ၈၂၄၈ | ၅.၉၂% |
| ၃၄ | ကြံခင်း | | | ၄၄၆၇၈ | ၂၀၃၉ | ၄၆၇၁၇ | |
| | | ဦးစိုးပိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၄၀၂ | ၇၇၉ | ၂၁၁၈၁ | ၄၅.၃၄% |
| | | ဦးစောမင်းထူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၇၀၆ | ၉၇၃ | ၁၅၆၇၉ | ၃၃.၅၆% |
| | | ဦးဝင်းမင်းသိုက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၀၃၈ | ၁၃၁ | ၅၁၆၉ | ၁၁.၀၇% |
| | | ဦးအေးငြိမ်း | ပြည်သူ့ပါတီ | ၄၅၃၂ | ၁၅၆ | ၄၆၈၈ | ၁၀.၀၃% |
| ၃၅ | မြန်အောင် | | | ၉၇၄၃၀ | ၅၁၀၂ | ၁၀၂၅၃၂ | |
| | | ဦးမျိုးမင်းသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၅၀၁ | ၃၂၁၁ | ၄၄၇၁၂ | ၄၃.၆၁% |
| | | ဦးဆန်းလင်းအောင် | ပြည်သူ့ပါတီ | ၁၇၉၂၉ | ၄၂၆ | ၁၈၃၅၅ | ၁၇.၉၀% |
| | | ဒေါ်အလီမွှာထွဏ်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၅၆၀ | ၆၅၂ | ၁၆၂၁၂ | ၁၅.၈၁% |
| | | ဦးမြင့်ကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၃၈၂ | ၆၆၄ | ၁၅၀၄၆ | ၁၄.၆၇% |
| | | ဦးမျိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၀၅၈ | ၁၄၉ | ၈၂၀၇ | ၈.၀၁% |
| ၃၆ | လပွတ္တာ | | | ၁၀၈၉၁၄ | ၃၃၁၉ | ၁၁၂၂၃၃ | |
| | | ဦးစန်းမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၄၅၇၈ | ၂၃၄၄ | ၅၆၉၂၂ | ၅၀.၇၂% |
| | | ဒေါ်ချမ်းမြေ့မွန် | ပြည်သူ့ပါတီ | ၂၀၉၉၅ | ၃၂၅ | ၂၁၃၂၀ | ၁၈.၉၉% |
| | | ဒေါ်စုစုဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၀၂၇၃ | ၄၃၂ | ၂၀၇၀၅ | ၁၈.၄၅% |
| | | ဦးအေးကိုနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၀၆၈ | ၂၁၈ | ၁၃၂၈၆ | ၁၁.၈၄% |
| ၃၇ | ဟသ်ာတ | | | ၁၃၁၆၂၂ | ၄၄၉၆ | ၁၃၆၁၁၈ | |
| | | ဦးအေးဟန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၆၆၁၈ | ၂၉၉၈ | ၅၉၆၁၆ | ၄၃.၈၀% |
| | | ဒေါ်သန်းသန်းဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၂၉၆၄ | ၇၂၁ | ၃၃၆၈၅ | ၂၄.၇၄% |
| | | ဦးစိန်သောင်း | ပြည်သူ့ပါတီ | ၂၃၈၂၃ | ၄၇၀ | ၂၄၂၉၃ | ၁၇.၈၅% |
| | | ဦးအေးမြင့်(ခ)ဦးအောင်ဟိန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၂၁၇ | ၃၀၇ | ၁၈၅၂၄ | ၁၃.၆၁% |

## မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားကတ်များ ပျက်စီးပျောက်ဆုံးမှုမရှိဘဲ ပျက်စီးပျောက်ဆုံးမှုကို အကြောင်းပြကာ ထပ်မံတင်ပြတောင်းခံ၍ နိုင်ငံသားကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခံရမည်

နေပြည်တော် ဇန်နဝါရီ ၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးနှင့် ယခုကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ယခုရွေးကောက်ပွဲကာလတွင် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ပျက်စီး၊ ပျောက်ဆုံးသူ မဲဆန္ဒရှင် ပြည်သူများ မဲပေးပိုင်ခွင့် အခွင့်အရေးမဆုံးရှုံးစေရေးအတွက် မြို့နယ်အသီးသီးရှိ လဝကရုံးများကို အထူးကိစ္စတစ်ရပ်အနေဖြင့် ရုံးပိတ်ရက်မရှိ ရုံးဖွင့်လှစ်၍ ပျက်စီး၊ ပျောက်ဆုံးသည့် နိုင်ငံသားကတ်များကို ဥပဒေနှင့်အညီ အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် နိုင်ငံသားကတ် ပျက်စီး၊ ပျောက်ဆုံးသူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမြို့နယ် လဝကရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

သို့ရာတွင် ပြည်သူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားကတ်များ ပျက်စီးပျောက်ဆုံးမှုမရှိဘဲ ပျက်စီးပျောက်ဆုံးမှုကို အကြောင်းပြကာ ထပ်မံတင်ပြတောင်းခံ၍ နိုင်ငံသားကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခံရမည် ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဆရာဝန်၊ သူနာပြုများသည် လူနာများ၏အားထားရာ မျှော်လင့်ချက်ဖြစ်သဖြင့် ကိုယ်ချင်းစာတရားထားကာ ဆေးကုသမှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်




**နေပြည်တော် ဇန်နဝါရီ ၇**

ကျန်းမာရေးဝန်ကြီးဌာနက အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သို့ ခန့်အပ်တာဝန်ပေးအပ်ခဲ့သည့် သစ်လွင်သူနာပြုများတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် စဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ထမ်းဆောင်မည့် သစ်လွင်သူနာပြုများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိနိုင်စေရန် လိုအပ်သည့်ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်၍ ရွေးချယ်ခန့်ထားခြင်း၊ စာချုပ်စနစ်ဖြင့် ခန့်ထားခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနက အလုပ်သမားဝန်ကြီးဌာနသို့ သစ်လွင်သူနာပြုဦးရေ ၃၀ ကို ခန့်အပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျုံးဝင်အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများကို လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်နှင့် မန္တလေးတို့ရှိ အလုပ်သမားဆေးရုံကြီးများ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်းများ၊ ဌာနကြီးဆေးခန်းများ၊ တိုင်းရင်းဆေးကုခန်း၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သည့် စာချုပ်ဆေးခန်းများ၊ သွားဖွားခန်းများနှင့် ရွေ့လျားဆေးကုသယာဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သစ်လွင်သူနာပြုများအနေဖြင့် ဆေးကုသမှုဆိုင်ရာ အတွေ့အကြုံများကို လုပ်ငန်းခွင် လက်တွေ့လေ့လာသင်ယူကြပြီး သူနာပြုကောင်းများဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သည့်ဆေးပညာရပ်များ ဆက်လက်ဆည်းပူးလေ့လာနိုင်ရေး ဌာနအနေဖြင့် လိုအပ်သည်များပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ အာမခံအလုပ်သမားများအပေါ် နွေးထွေးပျူငှာစွာဖြင့် စေတနာထားကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဆရာဝန်၊ သူနာပြုများသည် လူနာများ၏အားထားရာ မျှော်လင့်ချက်ဖြစ်သဖြင့် ကိုယ်ချင်းစာတရားထားကာ ဆေးကုသမှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အလုပ်သမားဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်မည့် သစ်လွင်သူနာပြုများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့်အခမ်းအနားမှူး (Master of Ceremony)သင်တန်းနှင့်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်မှု(Video Editing)သင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အခမ်းအနားမှူး (Master of Ceremony) သင်တန်းနှင့်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်မှု (Video Editing) သင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတွင် ကျင်းပမည့်အခမ်းအနားများ၊ အစည်းအဝေးများတွင် အခမ်းအနားမှူးအဖြစ် စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်ဝသည့် ဓာတ်ပုံ၊ ဗီဒီယိုနှင့် သတင်းမှတ်တမ်းများရရှိစေရန်၊ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ သတင်းအချက်အလက်သည် ဆက်သွယ်ရေးတွင် အလွန်အရေးကြီးပါကြောင်း၊ တင်ပြမှုများကောင်းမွန်ပြီး စနစ်ကျနမှုရှိမှသာ ပြည်သူသို့အသိပေးချင်သည့်အကြောင်းအရာကို အကောင်းဆုံးတင်ပြပေးနိုင်မည် ဖြစ်သည့်အတွက် အရေးပါသော သင်တန်းများဖြစ်ကြောင်း၊ သင်တန်းများသည် Professional သင်တန်းများဖြစ်သည့်အတွက် တက်ရောက်သည့် ဝန်ထမ်းများအနေဖြင့် ဆွေးနွေးသင်ကြားပို့ချချက်များကို ဂရုတစိုက် အလေးထားသင်ယူမှတ်သားကြရန်၊ မရှင်းလင်းသည့်အချက်များ၊ ထပ်မံသိရှိလိုသည့်အချက်များကိုလည်း မေးမြန်းကြရန် တိုက်တွန်းပြောကြားသည်။




အဆိုပါ အခမ်းအနားမှူး (Master of Ceremony) သင်တန်းတွင် သင်တန်းသား ၄၉ ဦးနှင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်မှု(Video Editing) သင်တန်းတွင် သင်တန်းသား ၃၉ ဦး စုစုပေါင်း သင်တန်းသား ၈၈ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကို ဇန်နဝါရီ ၇ ရက်မှ ၁၃ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ **ကျောဖုံးမှအဆက်**

ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေ ချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant (Counsellor Affairs) Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများ၊ နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မဝ)

**ပြည်သူများထံ အသိပေးပန်ကြားချက်**

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

## လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းကြရန်နှိုးဆော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**အသိပေးနှိုးဆော်စာ**
၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို မြို့နယ် ၁၀၂ မြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

အထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၂ အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ယင်းမဲဆန္ဒနယ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အမည်စာရင်းတင်သွင်းလွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်ကသတ်မှတ်ပေးသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း မတင်သွင်းပါက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၉ အရ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ကြေညာခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ထူးခြားသည့် ညအပူချိန်များ (၇ - ၁ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ဟားခါး | -သုည | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၂ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နောင်ချို | ၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေလင်းအား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆောင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အိမ်ကျော်နင်းမှုအကြောင်း သိကောင်းစရာ

**စိန်လှိုင်ဖိုလ်**

ရာဇသတ်ကြီးပုဒ်မ ၄၄၂ တွင် မည်သူမဆို လူနေအိမ်အဖြစ်အသုံးပြုသည့် အဆောက်အအုံကိုဖြစ်စေ၊ တဲကိုဖြစ်စေ ကိုးကွယ်ဝတ်ပြုသော နေရာအဖြစ်ဖြင့်သော်လည်းကောင်း၊ ပစ္စည်းသိုလှောင်ထိန်းသိမ်းသောနေရာ အဖြစ်ဖြင့်သော်လည်းကောင်း အဆောက်အအုံကို ဝင်ရောက်ခြင်းဖြင့် ရာဇဝတ်မကင်းသောကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူသည် အိမ်ကျော်နင်းမှုကို ကျူးလွန်သည်မည်၏ဟု ပြဋ္ဌာန်းထားရာ အဆိုပါပြဋ္ဌာန်းချက်တွင် **အချင်းဖြစ်အိမ်သည် တရားလို သို့မဟုတ် နစ်နာသူလက်ရှိဖြစ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိကြောင်း ဥပဒေပညာပေးလမ်းညွှန်စီရင်ထုံးတစ်ခုကို ရည်ညွှန်းရေးသားတင်ပြပါဦးမည်။**

တောင်တွင်းကြီးမြို့နယ်တရားရုံး ၂၀၂၁ ခုနှစ် ရာဇဝတ်အမှတ် -၆၀၄ တွင် တရားခံကျော်ဝင်းစိုး အပေါ်ရာဇသတ်ကြီးပုဒ်မ ၃၂၄ အရ စွဲချက်တင်သည့်အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို တရားလို ဦးဘိုသန်းကကျေနပ်မှုမရှိသဖြင့် မကွေးခရိုင်တရားရုံးသို့ ၂၀၂၂ ခုနှစ်ရာဇဝတ်ပြင်ဆင်မှုအမှတ် - ၉၇ ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၂၃ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၂၀(ခ) ဖြင့်လည်းကောင်း အဆင့်ဆင့် လျှောက်ထားခဲ့ရာ အောင်မြင်မှုမရခဲ့သဖြင့် ပြည်ထောင်စုလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှုကို တရားလို ဦးဘိုသန်းက ဆက်လက်လျှောက်ထားခဲ့သည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၃ ရက် ညနေ ၅ နာရီ မိနစ် ၃၀ ခန့်တွင် တောင်တွင်းကြီးမြို့နယ် ဘီးတန်းကျေးရွာနေ ကိုမင်းဦးသည် ကိုမင်းမင်း၏ နေအိမ်ဝင်းအတွင်း ဈေးဆိုင်ရှေ့ရှိ ထိုင်ခုံတွင် ကိုမင်းမင်း၊ မလှလှဝင်းတို့နှင့်အတူ ထိုင်နေစဉ် တစ်ရွာတည်းနေ ကျော်ဝင်းစိုး ရောက်ရှိလာသည်။ ကိုမင်းဦးအား နောက်မှနေ၍ ပခုံးကို ဖက်ကာ အသင့်ပါလာသော အရိုး လေးလက်မ၊ အသွား သုံးလက်မခန့်ရှိစတီးခေါက်ဓားဖြင့်လည်ပင်းကိုထိုးရာ ပြတ်ရှဒဏ်ရာတစ်ချက်ရရှိခဲ့သောကြောင့် ကိုမင်းဦး၏အစ်ကို ဦးဘိုသန်းက ကျော်ဝင်းစိုးကို အရေးယူပေးရန် ဆတ်သွားနယ်မြေရဲစခန်းတွင် တိုင်တန်းရာမှ ပေါ်ပေါက်လာသည့် အမှုဖြစ်သည်။ တောင်တွင်းကြီးမြို့နယ်တရားရုံးက ကိုကျော်ဝင်းစိုးသည် ကိုမင်းဦးအား စတီးခေါက်ဓားနှင့်လည်ပင်းကို ထိုး၍ ဒဏ်ရာရစေသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၂၄ အရ စွဲချက်တင်ခဲ့သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ရာဇသတ်ကြီးပုဒ်မ ၄၅၂ တွင် မည်သူမဆို တစ်ဦးတစ်ယောက်ကို နာကျင်စေမှုကျူးလွန်ရန် သော်လည်းကောင်း၊ လက်ရောက်မှုကျူးလွန်ရန် သော်လည်းကောင်း၊ မတရားတားဆီးမှုကျူးလွန်ရန် သော်လည်းကောင်း တစ်ဦးတစ်ယောက်သောသူကို နာကျင်စေမည်ဟု သို့မဟုတ် လက်ရောက်ပြုမည်ဟု မတရားတားဆီးမှုပြုမည်ဟု ကြောက်အောင်ပြုရန် သော်လည်းကောင်း၊ ပြင်ဆင်ပြီးနောက် **အိမ်ကျော်နင်းမှုကို ကျူးလွန်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်**ဟု ပြဋ္ဌာန်းထားသည်။

မူလရုံးအမှုတွဲကိုစိစစ်ကြည့်ရှုရာတွင် တရားလို



ဘက် သက်သေခံချက်များအရ ကိုကျော်ဝင်းစိုးသည် ကိုမင်းမင်း လိုပြ(၂)၏ နေအိမ်တစ်ထပ်တိုက်ရှေ့မျက်နှာစာတွင်နေအိမ်နှင့် တစ်ဆက်တည်းအမိုးကာထားသော ဈေးဆိုင်အတွင်းသို့ ဝင်ရောက်၍ ကိုမင်းဦး၏လည်ပင်းကို ဓားဖြင့်ထိုးခဲ့ကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

ဒေါက်တာနောင်နောင်မင်း(လိုပြ-၆)၏ ထွက်ဆိုချက်နှင့် သက်သေခံ-ခ ဆေးစာအရ ကိုမင်းဦး ရရှိသောဒဏ်ရာမှာ ချွန်ထက်သောလက်နက်ဖြင့် ရရှိသောဒဏ်ရာဖြစ်ကြောင်း သက်သေခံ-က ပထမ သတင်းပေးတိုင်ချက်နှင့် အခင်းဖြစ်ရပ်ကိုမြင်တွေ့သိရှိသူ ကိုမင်းမင်း(လိုပြ-၃)၊ မလှလှဝင်း(လိုပြ-၄)၊ မတင်တင်အေး(လိုပြ-၅)တို့၏ ထွက်ဆိုချက်အရ အခင်းဖြစ်ပွားသည်မှာ ကိုမင်းမင်း၏နေအိမ်ဈေးဆိုင်အတွင်းဖြစ်ကြောင်း ပေါ်ပေါက်သည်ဟု တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

တရားခံများက A ၏ အနောက်သို့ လိုက်လံ၍ B ၏အိမ်အတွင်းသို့ ဝင်သွားသော A အား သာမာန်နာကျင်စေမှု ပုဒ်မ ၃၂၃ ကို ကျူးလွန်ရာတွင် သူတစ်ပါး၏ ပစ္စည်းအတွင်းသို့ဝင်၍ နာကျင်စေမှုကျူးလွန်ရန်အကြံဖြင့် အိမ်ကျော်နင်းခြင်းဖြစ်သဖြင့် ပုဒ်မ ၄၅၂ မြောက်သည်ဟု **Chinkwana and 3 oth- ers V King- Emperor အမှုအတွဲ-၁ အထက်မြန်မာပြည်စီရင်ထုံး (၁၈၉၇-၀၁) ၃၅၂** အမှုကို တရားရုံးချုပ်က ရည်ညွှန်းကိုးကားခဲ့ပါသည်။

အထက်ပါအမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များနှင့် စီရင်ထုံးလမ်းညွှန်ချက်တို့အရ တရားခံကျော်ဝင်းစိုးသည် ကိုမင်းမင်း(လိုပြ-၂)၏ နေအိမ်ဝင်းအတွင်းသို့ဝင်ရောက်၍ နေအိမ်ဈေးဆိုင်၏အတွင်းရှိခုံ၌ထိုင်နေသူ ကိုမင်းဦးကို နောက်မှ သိုင်းဖက်ကာလည်ပင်းကို ဓားဖြင့်ထိုးခဲ့ခြင်းသည် ကိုမင်းဦးကို နာကျင်စေရန် ပြင်ဆင်ပြီးနောက် အိမ်ကျော်နင်းမှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ ရှေးဦးအမြင်အရ ပေါ်ပေါက်လျက်ရှိကြောင်းတွေ့ရှိရသဖြင့် တရားခံကျော်ဝင်းစိုးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၅၂ အရ စွဲချက်တင်ဖြေရှင်းစေသင့်ကြောင်း တရားရုံးချုပ်က သုံးသပ်တွေ့ရှိခဲ့ပါသည်။

ဤအခြေအနေတွင် မူလရုံးတရားခံ ကျော်ဝင်းစိုးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၄ အရ စွဲချက်တစ်ရပ်သာတင်ခဲ့သည့် မူလမြို့နယ်တရားရုံး၏အမိန့်နှင့် ၎င်းအမိန့်ကို ဆက်လက်အတည်ပြုခဲ့ကြသည့် မကွေးခရိုင်တရားရုံးနှင့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်တို့သည် ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ခွင့်ပြုသည်။ တရားခံကျော်ဝင်းစိုးအပေါ် မူလရုံးက ရာဇသတ်ကြီးပုဒ်မ ၃၂၄ အရ စွဲချက်တင်ခဲ့သည့် အမိန့်အပြင် နောက်ထပ်ရာဇသတ်ကြီးပုဒ်မ ၄၅၂ အရ စွဲချက်တစ်ရပ်ထပ်မံတင်၍အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးဆောင်ရွက်သွားရန် ညွှန်ကြားလိုက်ပါသည်။

အထက်ပါအမှုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ကြားနာစဉ်က ပြင်ဆင်မှုလျှောက်ထားသူ၏ရှေ့နေက ရာဇသတ်ကြီးပုဒ်မ ၄၄၁ အရ ကျူးကျော်ဝင်ရောက်သူသည် ပစ္စည်းလက်ရှိဖြစ်သူအား ပြစ်မှုတစ်စုံတစ်ရာပြုလုပ်မှသာ ပြစ်မှုမကင်းသောကျော်နင်းမှုကို ကျူးလွန်ခြင်းမဟုတ်ဘဲ **သူတစ်ပါးလက်ရှိပစ္စည်းအတွင်းသို့ ပြစ်မှုကျူးလွန်ရန်အကြံဖြင့် ဝင်ရောက်လျှင် ပြစ်မှုမကင်းသောကျော်နင်းမှုမြောက်ကြောင်း၊** ကျော်ဝင်းစိုးသည် ပြစ်မှုကျူးလွန်ရန်အကြံဖြင့် ဓားယူဆောင်လာပြီး ကိုမင်းဦး၏လည်ပင်းတွင် ဒဏ်ရာရစေရန်ဓားဖြင့် ထိုးခဲ့ကြောင်း ထင်ရှားသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၄၂ နှင့်အတူ ရာဇသတ်ကြီးပုဒ်မ ၄၅၂ ဖြင့်လည်း စွဲချက်တင်သင့်ကြောင်း လျှောက်လဲတင်ပြခဲ့ခြင်းသည် ဥပဒေတစ်ရပ်ကို မှန်ကန်စွာရှုမြင်လျှောက်ထားခြင်းဖြစ်၍ တရားရုံးချုပ်၏စီရင်ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်ခဲ့သည်ကို တွေ့မြင်ရသည်။

ဥပဒေရေးရာဝန်ကြီးဌာနက တရားခံကျော်ဝင်းစိုး (ခ)ကျော်စံဖိုးက ဓားကိုင်၍ ကိုမင်းမင်းနေအိမ်သို့ ဝင်ရောက်ပြီးနောက် နေအိမ်တဲတွင်ထိုင်နေသည့် ကိုမင်းဦးကို ဓားဖြင့်ထိုးခြင်းသည် ကိုမင်းဦးကို နာကျင်စေမှုကျူးလွန်ရန်ပြင်ဆင်ပြီး အိမ်ကျော်နင်းမှုကျူးလွန်ခြင်းဖြစ်၍ ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် ၄၅၂ ပြဋ္ဌာန်းချက်တို့နှင့် ငြိစွန်းပါလျက် မူလမြို့နယ်တရားရုံးက ရာဇသတ်ကြီးပုဒ်မ ၃၂၄ အရသာ စွဲချက်တင်သည့်အမိန့်နှင့် ၎င်းအမိန့်ကိုအတည်ပြုသည့် ခရိုင်တရားရုံးနှင့် တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်တို့သည် ပြည့်စုံမှန်ကန်မှုမရှိ၍ ဥပဒေနှင့်ညီညွတ်သည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် လျှောက်လဲတင်ပြခဲ့သည်ကို စီရင်ထုံးတွင် တွေ့မြင်ဖတ်ရှုရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဥပဒေနှင့်ညီသော စီရင်ဆုံးဖြတ်ချက်အတွက် ကြီးစွာသော အထောက်အကူဖြစ်ခဲ့သည်။ ရှေ့နေရှေ့ရပ်များအနေဖြင့် လေ့လာသိရှိနိုင်ကြရန်ဖြစ်သည်။

တရားစီရင်ထုံးများသည် ပြည်သူများအတွက် သာမက အမှုများကို စီရင်ဆုံးဖြတ်နေသော တရားရုံးအဆင့်ဆင့်တို့အနေဖြင့်လည်းကောင်း၊ ကိုယ်တိုင်လိုက်ပါဆောင်ရွက်နေသော ရှေ့နေရှေ့ရပ်များအနေဖြင့်လည်းကောင်း သိရှိလိုက်နာကြရန် ဥပဒေပညာပေးခြင်းဖြစ်ကြောင်း **၂၀၂၃ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၇၉(ခ)**ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၇၄၁၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြင်းမူမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၃၇၄၁၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ကော၊ ဆီထွက်သီးနှံအနေနဲ့ကော အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧက ၁၁၅၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧက ၁၁၅၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီ ဖူလုံစေရေးအတွက် နှမ်းဧက ၁၅၂၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ နှမ်းစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၁၅၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် နှမ်း ၈ ဒသမ ၇၀ တင်း ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နှမ်းဧက ၁၅၂၈၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်လောက်ကစပြီး ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ လက်ရှိမှာ ဧက ၁၁၅၀၀ ထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို နှမ်း ၈ ဒသမ ၇၀ တင်း ထွက်ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းစိုက်တောင်သူများကို သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးအတွက် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားရောဂါအန္တရာယ်ကင်းရှင်းစေရေး၊ GAP စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ သီးနှံအချိန်မီ ရိတ်သိမ်းနည်းပညာများနှင့် ရိတ်သိမ်းပြီး သီးနှံများ စနစ်တကျ ထားသိုထိန်းသိမ်းရေးစသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေး

**ရွှေကျင် ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်ဘက်ကျေးရွာရှိ ကျေးလက်နေပြည်သူများ နေကြာအပါအဝင် အခြား ဆီထွက်သီးနှံစိုက် တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၆ ရက်က တာဝန်ရှိသူများက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နော်ထူးဘိုက လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက အနောက်ဘက်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်း အဖွဲ့ဝင်များထံသို့ လည်ပတ်ရန်ပုံငွေကျပ် ၂၄၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ နေကြာနှင့် အခြား ဆီထွက်သီးနှံများစိုက်ပျိုးမည့် အသင်းသားအသင်းသူ ၄၃ ဦးကို ဆဋ္ဌအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၂၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရွှေကျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ချိုသန်းညွန့်

# ကြံခင်းမြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကြံခင်း ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ကြံခင်းမြို့နယ်တွင် ဒေသထွက် တီလားဗီးယားငါးများ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှစတင်ပြီး ယနေ့ထိ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက်တီလားဗီးယားငါးများ တစ်ရက်လျှင် ပိဿာချိန် ၃၀၀၀ မှ ၄၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ တီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသကုန်စိမ်း ဈေးကွက်တွေက ဝယ်လက်တွေ မှာယူမှုများနေတာပါ။ ကြံခင်းမြို့နယ်ကနေ အခြား ဒေသတွေကို ပိဿာချိန် အများအပြား တင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ အရောင်းအဝယ် ကောင်းနေတာကြောင့် ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အဆင်ပြေနေပါတယ်"ဟု ကြံခင်းမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ကပြောပြ၍ သိရသည်။



ကြံခင်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် တီလားဗီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ဒေသထွက် တီလားဗီးယားငါးများ အပါအဝင် အခြား ရေထွက်ကုန်များကို ဝါးခယ်မ၊ ပုသိမ်၊ မြောင်းမြစသည့် ဒေသဈေးကွက်များသို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ညောင်ရွှေမြို့နယ် အင်းနီကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်းနီကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အင်းနီကျေးရွာ၌ အလျား ပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၀ ပေရှိ ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားခဲ့သည်။

အဆိုပါဘက်စုံသုံးခန်းမဆောက်လုပ်ခြင်း လုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၅ ဒသမ ၂သိန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း ထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# တောင်တွင်းကြီးမြို့နယ် ဘိုကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဘိုကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဘိုကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျံက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့သည်။

ဘိုကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၂ပေအမြင့် ကိုးလက်မရှိ မြေနီကျောက်ခရစ်ခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၆၄ သန်းဖြင့် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ဘိုကုန်းကျေးရွာရှိ အိမ်ခြေ ၁၇၆အိမ်၊လူဦးရေ ၇၃၀ တို့၏ လယ်ယာစိုက်ဧက ၈၀ တို့မှ လယ်ယာထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်သို့ အချိန်မီအလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ သိရသည်။

နွဲ့ယဉ်

စာအုပ်စာပေလှူမိတ်ဆွေ




(၁)

ဝုန်းခနဲ အခန်းတံခါးပွင့်သွားပြီး ကျွန်တော့်အခန်းထဲသို့ အဖေ ယိမ်းထိုးဝင်ရောက်လာသည်။ အဖေ့မျက်လုံးများသည် မီးဝင်းဝင်းတောက်နေသည်။ အဖေသည် ကျွန်တော့်စာကြည့်စားပွဲပေါ်၌ တစ်စုံတစ်ခုကို သဲကြီးမဲကြီးရှာဖွေနေသည်။

ကျွန်တော် နောက်သို့ အသာဆုတ်ပြီး နံရံကို ကျောမှီလျက်ကပ်ထားလိုက်သည်။ ကျွန်တော့်အသက်ရှူသံကို ကျွန်တော်ပြန်ကြားနေရသည်။

အဖေက ကျွန်တော့်ဘက်သို့လှည့်ပြီး အေးစက်စွာ ကြည့်သည်။ အဖေ ကျွန်တော့်ကို ယဉ်ကျေးစွာ ဆဲသည်။

"ခွေးဖြစ်မဲ့ အကောင်"

"တော်ပါတော့ အစ်ကိုရယ်။ သားက ငယ်သေးလို့ပါ"

"ငယ်သေးတာတောင် ဒီလောက်ချိုကြွနေတာ။ ကြီးလာရင် ငါ ဘယ်လိုဆုံးမမလဲ"

အမေ၏ တောင်းပန်တိုးလျှိုးမှုသည် အဖေ့ဒေါသများ အောက်တွင် မှုန်ဝါးပျောက်ကွယ်သွားသည်။

အဖေသည် သားဖြစ်သူ၏ အိပ်ခန်းတံခါးမှ တောက်ခေါက်သံဖြင့် နှုတ်ဆက်ထွက်ခွာသွားသည်။ အမေက ကျွန်တော့်ပါးကို ခပ်ဖွဖွပွတ်သပ်၍ "အဖေ့ကို စိတ်မနာရဘူးနော်" ဟု ပြောနေသည်။

အမေ့ကို ကျွန်တော်ချစ်ပါသည်။ သို့သော် ခေါင်းညိတ်မပြမိ။

အမေက မီးဆိုင်းအကြီးကိုပိတ်ပြီး ညအိပ်မီးလေး ဖွင့်ပေးသည်။

"သား အိပ်လိုက်တော့နော်"

အမေ ကျွန်တော့်ကိုနှုတ်ဆက်သည်။ ကျွန်တော် အိပ်ရာပေါ် လှဲလိုက်ခြင်းအားဖြင့် အမေ့ကို စိတ်သက်သာရာရစေခဲ့သည်။ အမေ ထွက်သွားပြီးနောက် အခန်းတံခါးကို ကျွန်တော်ပိတ်လိုက်သည်။ သည်နေ့အဖို့ အဖေ၏ လျှပ်တစ်ပြက်ဝင်ရောက်စီးနင်းခြင်းကို နောက်ထပ်ခံရစရာအကြောင်းမရှိ။

(၂)

ကျွန်တော် ကိုအောင်မိုးနှင့် ဖုန်းရသည်။ သည်နေ့ အဖေတို့ ကွင်းပတ်တာနောက်ကျသည်။ ထုံးစံအတိုင်း မိုးချုပ်နိုင်သည်။ ကိုအောင်မိုးက ဘာဝယ်ခဲ့ရမလဲဟုမေးသည်။ ကျွန်တော် မမှာဖြစ်။ အဖေက ကျွန်တော့်ကို သူ့တပည့်များနှင့် ရောထွေးနေသည်ကို မကြိုက်ကြောင်း ပြင်းပြင်းထန်ထန် သတိပေးထားသည်။ ကျွန်တော် ပျဉ်ထောင်၊ သွပ်မိုး အဆောင်လေးထဲ လှမ်းဝင်လိုက်သည်။ ကျွန်တော့်အရင်ရောက်နှင့်သူ သုံးလေးဦးရှိသည်။ ဆိုင်ရှင်ဖြစ်သူ အစ်ကိုကြီးကို ကျွန်တော် ပြုံးပြလိုက်သည်။ သို့သော် သူက ကျွန်တော့်ကိုမြင်သည်နှင့် စိတ်ရှုပ်သွားပုံရသည်။

"မင်းအဖေက..."

သူနှင့်ရွယ်တူ အစ်မကြီးတစ်ယောက် ရောက်လာပြီး စကားပြောသဖြင့် ကျွန်တော့်ကို ပြောလက်စစကားပြတ်သွားသည်။ ကျွန်တော် အနောက်ဘက်ခြမ်းက စာအုပ်စင်များဘက် လျှောက်လာခဲ့သည်။

စာအုပ်အနွေ့ငွေ့လေးများကို နှစ်လိုစွာ စာလုံးပေါင်းဖတ်နေရင်း တစ်နေရာအရောက်တွင် ကျွန်တော်ရှင်မြူးသွားသည်။

စာအုပ်အငှားဆိုင်က ပြန်ရောက်တော့ အမေ မီးဖိုခန်းထဲမှာပင် ရှိသေးသည်။

"သား ထမင်းစားတော့မလား"

မဆာသေးသော်လည်း ကျွန်တော် ခေါင်းညိတ်ဖြစ်သည်။

ထမင်းစားခြင်းအမှုနှင့်ပတ်သက်၍ ဆာခြင်း မဆာခြင်းထက် အဖေနှင့် လက်ဆုံမစားရရေးသည်သာ ကျွန်တော့်ရည်ရွယ်ချက်ဖြစ်ကြောင်း အမေ့ကို ပြောပြမနေတော့ပါ။

(၃)

ကျောင်းအုပ်ကြီးရုံးခန်းထဲတွင် အဖေသည် အဆမတန် ရည်မွန်နေသည်။ သူမတူအောင် ယဉ်ကျေးနေသည်။ အိမ်မှာကဲ့သို့ ကျွန်တော်ဖတ်နေသောစာအုပ်များကို ဆုတ်ဖြဲပစ်သည့် အဖေမဟုတ်တော့။ ဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းနေသော အဖေမဟုတ်တော့။

ကျောင်းအုပ်ဆရာကြီးက ပြုံးရွှင်စွာစကားများ ပြောနေသည်။ အဖေက လိုလားစွာ ခေါင်းတဆတ်ဆတ်ညိတ်နေသည်။ ကျွန်တော်က အဖေ့နောက် ဒုတိယခုံတန်းတွင် ထိုင်နေသည်။ အဖေ့ကို နောက်ကျောဘက်မြင်နေရသည်။ အဖေသည် သည်နေ့မှ ရုပ်အင်္ကျီအဖြူလက်ရှည်၊ အစိမ်းနှင့်အနက်ကဲသည့် ကချင်ပုဆိုးကွက်စိပ်ကိုဝတ်ထားသည်။ အဖေ့အသွင်သဏ္ဌာန်သည် နုပျိုရှင်းသန့်နေသည်။

ကျွန်တော်သည် အဖေ့ကို လွမ်းနေသည်။ တစ်ချိန်တုန်းက အဖေ့ကို လွမ်းနေခြင်းဖြစ်သည်။ ကျွန်တော့်စိတ်သည် အဝေးကြီးကို ခုန်ပေါက်ပြေးထွက်သွားလိုက်၊ အနီးလေးကိုပြန်ရောက်လာလိုက်နှင့် နောက်ကျိရှုပ်ထွေးနေသည်။

ဟိုးအရင် ကျွန်တော် ခုနစ်တန်းလောက်ထိတုန်းကတော့ အဖေနှင့် ကျွန်တော်သည် အခြားသောသားအဖများနည်းတူ နွေးထွေးရင်းချာသောနေ့စွဲများကို ပိုင်ဆိုင်ခဲ့ကြဖူးသည်။ ရှစ်တန်းတက်ခါနီး နွေကျောင်းပိတ်ရက်များတွင် အဖေနှင့်ကျွန်တော် တစ်စတစ်စ ဝေးကွာအေးစက်လာသည်။

ပြဿနာမှာ ထင်းရှူးပင်ရိပ်အောက်တွင် ကျွန်တော်အထိုင်များခြင်းက စသည်။ တောမှော်ရုံလမ်းသို့ ကျွန်တော်တိုးဝင်ကြည့်ခြင်းက စသည်။ မိုးတိမ်များကို ကျွန်တော်ငေးမောမိရာက စသည်။ နောက် ကျွန်တော် ဂန္ထဝင်မမကို စိတ်ကူးယဉ်ခဲ့သည်။ မကြာမီ ကျောင်းများပြန်ဖွင့်တော့မည်။ ဇွန်လ၏ မိုးရေစက်များအတွင်း ကျွန်တော်အလွန်ပင် ဝမ်းနည်းကြေကွဲခဲ့ရသည်။

လူလေးဟု အဖေ တဖွဖွခေါ်ခဲ့သော ကျွန်တော်သည် အဖေ့နှုတ်မှပင် ခွေးဖြစ်မဲ့အကောင်ဟု အကြိမ်ကြိမ်သမုတ်တာကို ခံခဲ့ရသည်။

"စိတ်ချပါ ဆရာကြီးခင်ဗျာ။ ကျောင်းအတွက်ကော သားအတွက်ပါ ကျွန်တော်အကောင်းဆုံး ပြင်ဆင်ပံ့ပိုးပေးပါ့မယ်။ နောက်ထပ် လိုအပ်တာရှိရင်လဲ အမိန့်ရှိပါခင်ဗျာ"

"ဒီလောက်ဆို ပြည့်စုံပါပြီ။ ဦးကောင်းမြတ်ကိုယ်တိုင် အလုပ်တွေဖျက်ပြီး လာဆွေးနွေးပေးတာကို ကျွန်တော်ကလဲ ကျေးဇူးတင်ပါတယ်ဗျာ"

ကျောင်းအုပ်ဆရာကြီးနှင့် အဖေတို့ တရင်းတနှီး လက်ဆွဲနှုတ်ဆက်ကြသည်။ ကျောင်းဝင်းထဲမှ အဖေကားမောင်းထွက်သွားသည်ကို ရုံးခန်းအပေါ်ထပ်မှ ကျွန်တော် ငေးကြည့်နေမိသည်။ သည်နေ့မှ ကိုအောင်မိုးကလည်းမပါ။ အဖေသည် မြို့မျက်နှာဖုံးတစ်ဦးအနေဖြင့် လူမှုရေးရှုထောင့်အရ ကျောင်းကို အကူအညီပေးခြင်းလား၊ ဒါမှမဟုတ် ဖခင်တစ်ယောက်အနေဖြင့် သားတစ်ယောက်ကို အရိပ်မိုးပေးခြင်းလား။ ကျွန်တော်သိလိုလှသည်။

တောင်ခြေတွင် တိမ်များမျောလွင့်နေသည်။ ကျွန်တော်တို့သားအဖ တောင်ခါးပန်းတွင် ရောက်နေသည်။ အဖေသည် ကားကို ခပ်လှမ်းလှမ်းတွင် ရပ်ထား၏။ ကျွန်တော့် တိုက်ပုံအင်္ကျီအဖြူရောင်သည် ကြယ်သီးကွင်းလေးများ ဖြုတ်ထားသဖြင့် လေတွင် တလူလူလွင့်နေသည်။

"မင်း စင်ပေါ်မှာ ရွတ်သွားတာ မဆိုးဘူးကွ၊ နားထောင်လို့ကောင်းတယ်"

ကျွန်တော် အဖေ့ဘက်ကို လှည့်လိုက်သည်။

"အဖေ ကျွန်တော့်ရွတ်တာကို နားထောင်နေတာလား"

"နားထောင်နေတာတော့ မဟုတ်ဘူးပေါ့ကွာ။ ရှေ့ဆုံးတန်းမှာ ထိုင်တာဆိုတော့ ကြားနေရတာပေါ့"

အဖေ့အဖြေသည် ကျွန်တော့်အရှိက်ကိုထိသွားဖို့ကောင်းသည်။ သို့သော် ကျွန်တော် ဘယ့်နှယ်မှ မနေပါ။ သပြေညိုပိုင်ရှင် အဘိုးကဗျာဆရာကိုသာ ရက်ရှဲ့အားနာသွားမိသည်။ အဖေကတော့ သူ ဘာမှ မပြောလိုက်မိသကဲ့သို့ မြို့ကိုအပေါ်စီးကငေးနေရင်း ကျွန်တော့်ကို အအေးဘူးတစ်ဘူးကမ်းပေးသည်။

အဖေ၏ ပံ့ပိုးစီစဉ်ပေးမှုကြောင့် ယခုနှစ် လွတ်လပ်ရေးနေ့အခမ်းအနားသည် တစ်မြို့နယ်လုံးတွင် ပြောစမှတ်တွင်သွားသည်။ ထူးခြားသော အစီအစဉ်အဖြစ် ကဗျာရွတ်ပွဲပါသည်ကိုပင် အဖေက တူရိယာများပါ တွဲဖက်အားဖြည့်ပေးခဲ့သည်။

"အဖေ စဉ်းစားမိတယ် ငါ့သား။ သပြေညိုနဲ့စာရင် ပျဉ်းမငုတ်တိုကိုရွတ်ရင် ပိုကောင်းမလားလို့"

ကျွန်တော်လန့်ဖျပ်သွားသည်။ အဖေ့ကို အံ့သြစွာ မော့ကြည့်မိသည်။

"ဒီပွဲက မာန်လိုတယ်လေ။ နေအုံးမာန်မဟုတ်ဘူး ဌာန်။ ဟုတ်တယ်၊ မာန်နဲ့ဌာန်အတွက်ဆိုရင် ပျဉ်းမငုတ်တိုက အားကောင်းမောင်းသန်ပိုဖြစ်မလားလို့"

"အဖေ..." အဖေက လက်ကာပြသည်။

"နေအုံးကွ။ ကျောင်းသားတစ်ယောက်အတွက်တော့ ဒါတွေကအရေးမကြီးပါဘူး။ Take out of themselves မေ့မေ့ပျောက်ပျောက်ပေါ့ကွာ။ ဟုတ်ပြီလား"

အဖေက လူငယ်လေးတစ်ယောက်ကဲ့သို့ ပေါ့ပါးစွာ ထွက်သွားသည်။

ကျွန်တော် လေးလံစွာကျန်ရစ်ခဲ့သည်။

(၄)

အဖေက အင်္ကျီကော်လာကို စုကိုင်ပြီးဆောင့်တွန်းလိုက်သည့်အခါ ကျွန်တော် ခုတင်ပေါ်အရှိန်နှင့် လွင့်စဉ်သွားသည်။ အမေသည် ဘာလုပ်ရမှန်းမသိဘဲ တုန်လှုပ်ချောက်ချားစွာ သနားစဖွယ်ရပ်နေသည်။

ကျွန်တော့်ကိုယ်မှ နံဟောင်နေသော အရက်နံ့များသည် အဖေ့ဒေါသကို အဆုံးစွန်ထိပေါက်ကွဲသွားရန် လှုံ့ဆော်စေခဲ့သည်။ ကျွန်တော်ယစ်မူးနေစဉ် တောင်ခြေက အရက်ဖြူဆိုင်လေးထိ အဖေ လိုက်လာခဲ့သည်။ အဖေသည် ဆိုင်ကလေးထဲသို့ သတိလက်လွတ်ပြေးဝင်လာပြီး ကျွန်တော့်ကို တွန်းထိုးသည်။ ကိုအောင်မိုးက အဖေ့ကိုတောင်းပန်၍ ကျွန်တော့်ကို ချော့မော့ပြီး ကားပေါ်ဆွဲတင်သည်။

တစ်လမ်းလုံးချုပ်တည်းခဲ့ဟန်ရှိသော အဖေ့ဒေါသသည် အိမ်အဝမှာပင် အရှိန်အဟုန်နှင့်ပွင့်ထွက်သွားသည်။ အဖေ ကျွန်တော့်ကို ထိုးလိုက်သလား၊ ဆောင့်တွန်းလိုက်သလား သဲကွဲစွာမသိ။ ကျွန်တော့်တစ်ကိုယ်လုံးထုံပူနေသည်။

အမေသည် သည်တစ်ကြိမ် တစ်လုံးတစ်ပါဒမှ ဝင်ပြောခြင်းမပြုတော့။ ကျွန်တော့်ကို တင်းကျပ်စွာဖက်ထားပြီး ရှိုက်၍ရှိုက်၍ငိုနေလေသည်။ အဖေသည် ကျွန်တော့်ကို ခွေးဖြစ်မဲ့အကောင်ဟု အကြိမ်ပေါင်းများစွာ ကောင်းချီးပေးပြီးထွက်သွားသည်။

အမေသည် အဖေ့ထံမှ ယဉ်ပါးပြီးဖြစ်သော်လည်း ကျွန်တော့်ထံမှ တစ်ကြိမ်တစ်ခါမျှ မရဖူးသည့် အရက်နံ့အတွက် အလွန်စိတ်မကောင်းဖြစ်နေပုံရသည်။ အမေ ကျွန်တော့်ကို ဆူပူငေါက်ငမ်းစေချင်သည်။ ရိုက်နှက်ဆုံးမလိုက်စေချင်သည်။

အမေ့မျက်ရည်များက ကျွန်တော့်ကို ပိုမိုပူလောင်စေသည်။

(၅)

သားအဖနှစ်ဦးကြားမှ ဆောင်းရက်များသည် ဘာမျှမထူးခြားဘဲ နှင်းရည်စက်လက် ရှုမျှော်ခင်းများကဲ့သို့ အေးစက်မှုန်ဝါးနေခဲ့သည်။ အရက်ဖြူဆိုင်ပဋိပက္ခဖြစ်စဉ်နောက်ပိုင်း အဖေသည် ကျွန်တော့်ကို အရင်ကဲ့သို့ ကြိမ်းကြိမ်းတမ်းတမ်းမပြုမူတော့။ သတိထားဆက်ဆံတာကို ကျွန်တော်အကဲခတ်မိသည်။

စာမျက်နှာ ၂၉ သို့ á

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၄၁၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၄၁၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၄၄၆၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရွှေဘိုမြို့နယ်တွင် ၅၂၂ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၀၉ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၁၉၀၀၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၀၁၅ ဧက စုစုပေါင်း ၄၁၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ထောပတ်ပဲ ဧက ၄၄၆၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၄၁၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၄၄ ဧက၊ ခင်ဦးမြို့နယ်တွင် ၆၄၁ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၂၂၆၀၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၀၁၅ ဧက စုစုပေါင်း ဧက ၄၄၆၀ ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကလေးမြို့နယ် အေးသာယာကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ကလေး ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် အေးသာယာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်ထွန်းအောင်၊ ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မျိုးသီရိထွန်းနှင့်တာဝန်ရှိသူများက အေးသာယာကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးစီးသောလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ရေများအလေအလွင့်မရှိစေရေး စနစ်တကျသုံးစွဲသွားရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ အေးသာယာကျေးရွာ၌ အရှည်ပေ ၅၂၈၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၂၄ သန်း စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၂၄ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ၏ နည်းပညာအကူအညီ ရယူကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မျိုးသီရိထွန်းထံမှ သိရသည်။

**ငြိမ်းသူ(စလင်း)**

á **စာမျက်နှာ ၂၈ မှအဆက်**

သို့သော် ကျွန်တော့်အရိပ်အကဲကို အမေကတစ်ဆင့် စောင့်ကြည့်နေသည်ဟု ကျွန်တော်ခံစားရသည်။ ကျွန်တော့်အာသီသများကလည်း များလာသည်။

တစ်နေ့တွင် အဖေ၊ အမေနှင့် ကျွန်တော်တို့ မိသားစုသုံးဦးသည် ရေထွက်ကြီး အပန်းဖြေစခန်းရှိ စိုက်ခင်းများဘက်သွားလည်ကြသည်။ မသွားမီ အဖေက ကျွန်တော့်ကို စိန်ပွင့်လေးများစီထားသည့် နာရီလေးတစ်လုံးကို သူကိုယ်တိုင် လက်မှာပတ်ပေးသည်။ အမေက ကျွန်တော်တို့နှစ်ဦးကို ကြည်နူးစွာကြည့်နေသည်။

ရေထွက်ကြီး စိုက်ခင်းများက ကျယ်ပြန့်ပါသည်။ ၎င်းတို့ကို စီးမိုးနေသည့် ပတ်ပတ်လည်မှ တောင်တန်းများပေါ်ရှိ နေကြာရိုင်းပင်များကပို၍ ကျယ်ပြန့်ပါသည်။ ဆောင်းဦးပေါက်ရာသီတွင် တောင်စဉ်တောတန်းတို့သည် နန္ဒင်းရည်များ လိမ်းကျံပက်ဖျန်းထားသကဲ့သို့ ဝါရွှေထိန်တောက်နေကြသည်။

အပြိုင်းအရိုင်းပေါက်နေကြသော နေကြာရိုင်းများကို ကြည့်၍ ကျွန်တော် နှစ်ထောင်းအားရ ဖြစ်မိသည်။

"အဖေ"

"ပြောလေ..ငါ့သား"

အဖေ ကျွန်တော့်ကို မင်းဟု မဆိုတော့၊ လူလေးဟုလည်း မပြော။ ငါ့သားဟု သုံးသည်။

"နေကြာရိုင်းတွေက သတ်လို့ မသေဘူး အဖေ"

"ဟုတ်ပ့ါမလားကွာ"

အဖေက ဘာမှမဖြစ်သကဲ့သို့ ပြောသည်။ သူသည် ဘယ်အရာကိုမျှ လွယ်လွယ်နှင့် လက်ခံလေ့မရှိ။

"ဟုတ်တယ် အဖေ၊ နေကြာရိုင်းတွေက သူတို့ကို သတ်ရင် ရှင်သန်ဖို့ ပိုပြီး ကြိုးစားကြတယ်။ ဒါကြောင့် သတ်လို့မသေတာ"

"အေးလေ ဟုတ်ချင်ဟုတ်မှာပေ့ါ။ ဟုတ်ချင်ဟုတ်မှာပေ့ါဆိုတာ သတ်လို့မရတာ ဟုတ်ချင် ဟုတ်မယ်။ ဒါမှမဟုတ် သတ်ဖို့ မကြိုးစားကြတာလဲ ဟုတ်ချင်ဟုတ်မယ်လို့ပြောတာ။ ငါ့သားကော ဘယ်လိုသဘောရသလဲ"

"ကျွန်တော် နေကြာရိုင်းတွေကို သတ်ကြည့်ဖူးတယ်။ အဖေပြောသလိုဆိုရင် သတ်ဖို့ကြိုးစားကြည့်တာပေ့ါ။ ဒီကောင်တွေက သတ်လို့မသေဘူး အဖေ"

"သတ်လို့မရရင် မသတ်ပါနဲ့ကွာ။ ငါ့သား နေကြာရိုင်းတွေက ငါ့သားအပေါ်မှာ အဆိပ်အတောက် မဖြစ်ရင် ပြီးတာပါပဲ"

(၆)

"အဖေ ဆိုင်ကို လိုက်လာတဲ့ညက ကျွန်တော် အရက်သောက်မထားဘူး အဖေ"

မေးခွန်းပါသော မျက်ဝန်းများဖြင့် အဖေ ကျွန်တော့်ကို ကြည့်သည်။

"အဖေ ဘာကို မကြိုက်တာလဲ၊ ဘာကို မလုပ်စေချင်တာလဲဆိုတဲ့ အဖေ့အမုန်းတရားကိုသိချင်လို့ ကျွန်တော် စမ်းသပ်လိုက်တာ။ အရက်တွေကို ကျွန်တော့်ကိုယ်ပေါ်မှာ လောင်းချထားတာ"

"အဲဒီလို စမ်းသပ်လိုက်တော့ ငါ့သားတွေ့သွားကောလား"

"တွေ့တယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော် အရက်သောက်မှာကို အဖေ စိုးရိမ်တာ။ ကျွန်တော်ကျောင်းစာတွေလစ်ဟင်းမှာကို အဖေစိုးရိမ်တာ။ အာရုံထွေပြားပြီး ကျွန်တော်လမ်းလွဲရောက်သွားမှာကို အဖေစိုးရိမ်တာ။ ကဗျာဆိုတဲ့ တွန်းကန်အားတစ်ခုအပေါ်မှာ မစဉ်းစားမဆင်ခြင်ဘဲ ကျွန်တော်လွင့်စဉ်သွားမှာကို အဖေစိုးရိမ်တာ။ ကဗျာအပေါ်မှာ ကျွန်တော် နားလည်မှုလွဲသွားမှာကို အဖေစိုးရိမ်တာ။ တကယ်တော့ အဖေက ကဗျာတွေကို မုန်းနေတာ မဟုတ်ဘူး။ သားတစ်ယောက်အပေါ်မှာ စိုးရိမ်နေတာ သက်သက်ပဲ။ ဟုတ်တယ်မဟုတ်လား အဖေ"

အဖေက အဖြေမပေးပါ။

ကျွန်တော့်ကို စာအုပ်လေးတစ်အုပ်ဝယ်ပေးသည်။ ထူးထူးဆန်းဆန်း သူလည်း ကြိုက်သည်ဟုပြောသည်။ ကျွန်တော့်အခန်းထဲတွင် မန်းချောင်းလရောင်ထဲသို့ အုပ်ဖွဲ့ပျံသန်းလာသော ၉၅ ကဗျာ ငှက်များ လှပစွာပျံဝဲနေကြလေသည်။

## ပညာခရီး

- ဖွဲ့လို့လဖြင့်
'က' ကိုရှေ့သုံး 'အ' ဗျည်းဆုံးနှင့်
ဝလုံးကလေး လှအောင်ရေးဖို့
မြော်တွေးရှေ့ဆက် ကျောင်းတော်တက်သည်
ခက်ခဲမှုများ တွန်းလှန်သွား။

- ဖြူနုလုံးဖြင့်
အမုန်းနံ့ကင်း ခင်မင်ခြင်းဖြင့်
အဆင်းလှဘိ စည်းကမ်းရှိ၍
သိလွဲမမှား သဘောထားကို
ထိန်းထားနိုင်ရေး အစဉ်တွေး။

- သိပညာဖြင့်
များစွာအရေး ပူပင်ဝေးဖို့
အတွေးမှန်မှန် ဆင်ခြင်ဉာဏ်ဖြင့်
ဆုပန်ကောင်းခြင်း အောင်မြင်ခြင်းတွက်
ဖြေရှင်းအမြဲ သတိစွဲ။

- သြော်...
သည်လမ်းကိုဖောက် သည်လမ်းလျှောက်ရာ
တွေးကြောက်မှုကင်း လမ်းကောင်းခင်း၍
လမင်းအလင်း နေအဆင်းဖြင့်
မှောင်ခြင်းကင်းကွာ ရှေ့သို့သာ။ ။

**ဇေဒါမောင်(ပညာရေး)**

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း သီးထပ်ရင်စပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ပါတယ်။ ကျောင်းကုန်းမြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းလာတာဖြစ်ပါတယ်။ ပြည်တွင်းဆန်စပါးဈေးကွက်မှာကို သီးထပ်ရင်စပါးက အဝယ်လိုက်နေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရေဦး ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၄၀၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၂၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက် ၄၀၄၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၄၂၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက် တိုးချဲ့စိုက်ပျိုးလာရန်အတွက် နည်းပညာများ ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုး နိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောက်တံခါးမြို့နယ် သဲဝါကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကျောက်တံခါး ဇန်နဝါရီ ၇**


ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့ချောင်းကျေးရွာအုပ်စု သဲဝါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကျောက်ရောမြေ လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးကျေးရွာတွင်းလမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သဲဝါကျေးရွာ၌ လမ်းအရှည် ၈၈၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၁၉ သန်း အသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## စာပေမြင့်မှ လူမျိုးတင့်မည်









## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ် ရစေသစ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မောင်ခန့်ညားနိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးသိန်းနိုင် ၈/ပခက(နိုင်)၁၉၃၈၈၀ ဖြစ်ပါကြောင်း။

ဦးသိန်းနိုင် ၈/ပခက(နိုင်)၁၉၃၈၈၀

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့ ရပ်ကွက်(၇) နယ်မြေ(၄)နေ နေခြည်နှင်းထက် (ဘ) ဦးဇော်မိုး(၁၃/လရန(နိုင်)၁၈၄၉၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ် MH 914866 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-259999745

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့ အမရပူရမြို့နယ် မှန်တန်းရပ် နယ်မြေ-၁ နေ ဦးကျော်ဖြိုးဝေ (ဘ) ဦးလှမောင်(၅/ခဥန(နိုင်)၀၆၈၅၃၇)၏ နိုင်ငံကူးလက်မှတ်(PASSPORT No.471504)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-402518986

### ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့ အမှတ်(၅)ရပ်ကွက်နေ သီတာဦး(ခ)ရန်ရင်ရင် (ဘ) ဦးရန်ဆိုကျိန် ၁၃/ကခန(နိုင်)၀၆၆၄၈၅ ၏ပတ်စ်ပို့အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-781527338

### ပျောက်ဆုံးကြောင်း

ကုန်းကြမ်းမြို့နယ် ရှောက်ကိုင်အုပ်စု ရှလုံထန်ရွာနေ မလော်စာဆဲ (ဘ) ဦးလော်လောက်ဆဲ (၁၃/ကကန(နိုင်)၀၁၁၉၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-145907)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-259045685

### ပျောက်ဆုံးကြောင်း

လောက်ကိုင်မြို့ ရပ်ကွက်(၃)နေ ကျောက်ကျင်းမေ(ဘ)ဦးကျောင်းယွင်း ၁၃/လကန(နိုင်)၀၂၈၆၅၅ ၏ ပတ်စ်ပို့အမှတ်MG.435584 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-650448393

**စာအုပ်စာပေ လူ့မိတ်ဆွေ**

❖ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ အခြားနိုင်ငံတွေကို ပုံတူကူးချသွားမှာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ ကျွန်တော်တို့မြန်မာတွေ ဦးစီးပြီး ဖော်ဆောင်သွားကြရမှာဖြစ်ပါတယ်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ်–Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂၇ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ–ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၁၂ ဦးနှင့် ပါကစ္စတန်နိုင်ငံသား ၁၅ ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၂၇ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် မြန်မာ–ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

**လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းကြရန် နှိုးဆော်**

စာမျက်နှာ – ၂၅

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊NUG၊PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ဟံသာဝတီယူနိုက်တက်အသင်းက ရတနာပုံအက်ဖ်စီအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၈ ကော်လံ ၄ ❖

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ (အပိုင်း ၁) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ**

စာမျက်နှာ – ၂၀

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257